မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင်ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မာမွတ် အာမက်ဒီနီဂျတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားရေးသတိရှိကြရန် လိုအပ်

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုး ခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန်၊ လက်နက်ကိုင် ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်စေရန် လူမျိုးရေး သွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေသကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေး ပိတ်ဆို့ ဟန့်တားမှုများ၊ နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုးစွက်ဖက် နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အမျိုးသားရေး သတိရှိကြရန် လိုအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် မဟာရွှေစည်ကြီးစေတီတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်)

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာကြိုးပမ်းတည်ဆောက်

ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက မြန်မာ့မြေပေါ်တွင် မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲ သိုက်မပျက် တစ်စိတ်တစ်ဝမ်းတည်း ပေါင်းစည်းနေထိုင်လာခဲ့ကြသူများဖြစ်ကြသည်။

ကုန်းဘောင်မင်းဆက်လက်ထက်၌ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲမှုကိုခံခဲ့ရ၍ စည်းလုံးညီညွတ်မှုပျက်ပြားကာ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်ခဲ့ရပြီး ကိုလိုနီနယ်ချဲ့လက်အောက် နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်။

မြန်မာတိုင်းရင်းသားများသည် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူမည်ဟူသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်ကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံညီလာခံ၌ အခိုင်အမာပြသခဲ့ပေသည်။

ပင်လုံမြေ၌ရရှိခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်သော လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့သည်။

မြန်မာတိုင်းရင်းသား လူမျိုးစုတို့သည် အတူတကွ စုပေါင်းနေထိုင်လာခဲ့ကြသည်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကဖြစ်သည်။ ပြည်ထောင်စုဒေသအနှံ့၌ ယဉ်ကျေးမှုအဖုံဖုံနှင့် နေထိုင်ခဲ့ကြသော်လည်း သနားကြင်နာတတ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကူညီရိုင်းပင်းလိုစိတ် ရှိခြင်း၊ ခွင့်လွှတ်သည်းခံနိုင်ခြင်း စသည့် တူညီသောသဘောသဘာဝများရှိကြသည်။

တိုင်းရင်းသားလူမျိုးစုများ အတူတကွနေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အဓိကကျလှသည်။

တပ်မတော်အစိုးရလက်ထက် စိတ်ရင်းစေတနာအမှန်နှင့် ဆောင်ရွက်ခဲ့သည့်အတွက် မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မျှမတူသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်။ နယ်စပ်ဒေသများပါမကျန် နိုင်ငံတစ်ဝန်းလုံး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူများသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး အတွက် တက်ညီလက်ညီ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဆီသို့အရောက် ခိုင်ခိုင်မြဲမြဲချီတက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လုံးတိုင်-ကျောက်တိုင် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော လုံးတိုင်-ကျောက်တိုင် ကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက တောင်ကြီး မြို့နယ် နောင်ကားကျေးရွာရှိ လုံးတိုင်-ကျောက်တိုင်လမ်းမုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်အားပေးပြီး လမ်းသစ်ကို ပြည်နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၁-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၉။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(သင်္ချာအပိုင်း-က)
၅း၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၂၀)
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၂)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၅)

ကျိုက်ထိုမြို့နယ် အမှတ်(၂)ခရိုင်ချင်းဆက်လမ်း တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဇန်နဝါရီ ၂၈ရက် မွန်းတည့် ၁၂ နာရီက ကျိုက်ထိုမြို့နယ် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ဝင်းကံ-ဆင်တွင်းလမ်းအပိုင်း လမ်း၊တံတားကြံ့ခိုင်မှု အခြေအနေများနှင့် ခဝါချောင်း(ဆင်တွင်း) ဘေလီသစ်သားတံတား ချဉ်းကပ်လမ်း မြေဖို့ခြင်း ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ဆင်တွင်း- ဇီးကုန်း-ငှက်ပျောတောလမ်း ကြံ့ခိုင်မှုအခြေအနေ၊ ဆောင်နိုင်ကြီး သစ်သားတံတား ချဉ်းကပ်လမ်း မြေဖို့ခြင်းလုပ်ငန်း၊ ကဒတ်ချောင်းတံတားချဉ်းကပ်လမ်း မြေဖို့ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများ၊ ငှက်ပျောတော-ကဇိုင်းလမ်းအပိုင်း လမ်း၊တံတားကြံ့ခိုင်မှု အခြေအနေများ၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်း တူးဖော်ထားရှိမှု အခြေအနေများနှင့် သဲဖြူချောင်းသစ်သားတံတား ချဉ်းကပ်လမ်းမြေဖို့ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုမာလီပင်လယ်ဓားပြများ တရုတ်ငါးဖမ်းသင်္ဘောအား လွှတ်ပေးလိုက်ပြီ

ပေကျင်း ဖေဖော်ဝါရီ ၁၀

ပြီးခဲ့သည့် နှစ်အတွင်းက ဖမ်းဆီးထားသည့် တရုတ်ငါးဖမ်းသင်္ဘောအား သင်္ဘောသား ၂၄ဦးနှင့်အတူ ဖေဖော်ဝါရီ ၈ရက်တွင် ဆိုမာလီ ပင်လယ်ဓားပြများက ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

ပြန်လည်ခေါ်ဆောင်

တန်ကျင်း ပင်လယ်ငါးဖမ်းလုပ်ငန်းပိုင် တန်ယူ-၈ ငါးဖမ်းသင်္ဘောကို ယင်းနေ့ ပေကျင်း စံတော်ချိန် ညနေ ၅ နာရီတွင် ဆိုမာလီ ပင်လယ်ဓားပြများက လွှတ်ပေးလိုက်ကြောင်း၊ ယင်းသို့ လွှတ်မြောက်လာပြီးနောက် အေဒင်ပင်လယ်ကွေ့တွင် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တရုတ်ရေတပ်မှ အကာအကွယ်ပေးကာ တရုတ်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။

လိုက်ပါလာ

ယင်းသင်္ဘောပေါ်တွင် တရုတ်သင်္ဘောသား ၁၆ဦးနှင့် ပြည်ပ သင်္ဘောသား ရှစ်ဦးတို့ လိုက်ပါလာကြောင်း ယင်းကြေညာချက်၌ ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

မြောက်ကိုရီးယားအစိုးရနှင့် ဆွေးနွေးရန်အသင့်ရှိဟု တောင်ကိုရီးယားသမ္မတ အီမြောင်ဘက် ပြောကြား

ဆိုးလ် ဖေဖော်ဝါရီ ၁၀

တောင်ကိုရီးယားသမ္မတ အီမြောင်ဘက်က ၎င်း၏ အစိုးရအဖွဲ့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း ဖေဖော်ဝါရီ ၉ ရက်က ထုတ်ဖော်ပြောကြားသည်။

ထုတ်ဖော်ပြောကြား

သမ္မတအီမြောင်ဘက်က ၁၅ရက် တစ်ကြိမ် ရေဒီယိုမိန့်ခွန်းပြောကြားစဉ်တွင် အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

အသင့်ရှိ

မြောက်ကိုရီးယားအစိုးရနှင့် အချိန်မရွေး တွေ့ဆုံဆွေးနွေးရန် မိမိတို့အစိုးရက အသင့်ရှိပြီး မည်သည့် အကြောင်းအရာကို မဆို ဖြေရှင်းရန် အဆင်သင့်ရှိကြောင်း၊ မြောက်ကိုရီးယား၏ မကြာမီက ခြိမ်းခြောက်မှုများအပေါ် ပြည်သူအချို့က စိုးရိမ်မကင်း ဖြစ်သည်ကိုလည်း မိမိတို့ သတိပြုမိကြောင်း၊ သို့သော် မိမိတို့ ပြည်သူများအနေဖြင့် များစွာ စိုးရိမ်မကင်းဖြစ်နေရန် မလိုအပ်ကြောင်း သမ္မတအီမြောင်ဘက်က တိုက်တွန်းလိုက်သည်။

အမ်အင်န်အေဆင်ဟွာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**သမထခန်း** တရားတော် (ဆရာတော် ဘဒ္ဒန္တကဥ္စနသာရ)
၈း၀၀-၂း၀၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	အလိုတော်ပြည့်ပါစေ
၉း၀၀-၃း၀၀	Midweek Sports News
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	ဖူးမြော်ကြည်ညို မြတ်ရွှေတိဂုံ သဒ္ဓါပွားများမြတ်ဒါန
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	ဖုန်ကန်ရာဇီမှ ပွဲတင်သံများ
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	Yangon Panorama (20th Anniversary Celebration of MCC Founding)
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	ကျန်းမာသွယ်လျတဲ့ ဘဝကို ရယူပိုင်ဆိုင်နိုင်စေဖို့ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	ကြည့်နူးစရာ လက်ဆောင်အဖြာဖြာ (Dream World Gift & Fancy)
၁၁း၄၀-၅း၄၀	မေတ္တာရေအမြင့်၊ တင့်လေသည့် ရွှေကြာ ထွန်းထွန်း(Examplez)၊ အကယ်ဒမီမြတ်ကေသီအောင် စိုးပြည့်သဇင်၊ တက္ကသိုလ်ဖွမ်းပုံ၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာအောင်မိုး(ပဲရစ်)]
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	Activities in the City (ဖြိုးကြီးရဲ့ တမ်းတဖော် စီးရီးမိတ်ဆက်ပွဲ)
၁၂း၁၅-၆း၁၅	တံငါတံတား
၁၂း၂၅-၆း၂၅	Myanmar Video Rhythm
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Asian World Cup Qualifiers ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၂၅	DPR Korea-Saudi Arabia	Star Sports (Live)
၄း၄၅	Japan-Australia	Star Sports (Live)

တမီးလ်ကျားသူပုန်တို့အား အစိုးရတပ်ချေမှုန်း အရပ်သား ၁၄၀၀၀ ထွက်ပြေးလွတ်မြောက်

ကိုလံဘို ဖေဖော်ဝါရီ ၁၀

သီရိလင်္ကာအစိုးရ တပ်ဖွဲ့ဝင်များက ခွဲထွက်ရေးတမီးလ်ကျားသူပုန်များအား အပြီးသတ်သုတ်သင်ရှင်းလင်းရန် ကြိုးပမ်းစဉ် ဖေဖော်ဝါရီ ၈ ရက်က အရပ်သား ၁၄၀၀ ကျော် စစ်ဇုန်အတွင်းမှ ထွက်ပြေးရှောင်တိမ်းနိုင်သည့်အတွက် သုံးလေးရက် အတွင်းတွင် လွတ်မြောက်ထွက်ပြေးသူ အရပ်သား စုစုပေါင်း ၁၄၀၀၀ နီးပါးရှိပြီ ဖြစ်သည်ဟု စစ်ဘက်က ကြေညာသည်။

ဖိအားပေး

တမီးလ်ကျားသူပုန်တို့ ထိန်းချုပ်သည့်နယ်မြေမှာ ယခုအခါ အစိုးရတပ်များ၏ ဝန်းရံဖိအားပေးမှုကို ခံနေရသည်။ ကျန်ရှိနေသေးသော အရပ်သားများကို ထွက်ခွာခွင့် ပေးပြီး ခြွင်းချက်မရှိ လက်နက်ချရန် ကျားသူပုန်တို့အား သီရိလင်္ကာသမ္မတက တိုက်တွန်းလိုက်သည်။ အစိုးရက ဘေးလွတ်ရာသို့ ခေါ်ထုတ်ကယ်ဆယ်ခဲ့သည့် အရပ်သားများတွင် ကလေးသူငယ် ၂၈၀၀ နှင့် အမျိုးသမီး ၃၀၀၀ ခန့် ပါဝင်သည် ဆိုသည်။ **(အင်တာနက်)**



ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော်ကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော် နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် မဟာရွှေစည်ကြီးစေတီတော် အရှေ့ဘက်မုခ်ရှိ မဟာမုနိရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

** ရှေ့ဖုံးမှ*

အခမ်းအနားသို့ ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ကြီး၏ ဦးစီးနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသ၊ စစ်ကိုင်းတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသီလာနန္ဒ စသည့် ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်အရှင်သူမြတ် ၄၅ ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ရွှေဘိုခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မဟာရွှေစည်ကြီး စေတီတော်သို့ နံနက် ၄ နာရီခွဲတွင် ရောက်ရှိကြပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ မဟာမုနိရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးသည် မူလရွှေစည်စေတီတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို နံနက် ၅ နာရီတွင် မဟာရွှေစည်ကြီးစေတီတော်၌ကျင်းပရာ သံဃာတော်အရှင်သူမြတ် ၄၅ ပါးတို့က မဟာရွှေစည်ကြီးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီးစေတီတော်အား လက်ယာရစ် လှည့်လည် ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော် ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

အရုဏ်ဆွမ်း ကပ်လှူအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများသည် ဆရာတော် သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဒေသထုံးတမ်းစဉ်လာများနှင့်အညီ လောင်းလှူကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြစဉ်။ (သတင်းစဉ်)

ရေစက်သွန်းချ

ထို့နောက် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ကြီး၏ဦးစီးနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသက ရေစက်ချတရားတော်ကို ချီးမြှင့်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ဆွမ်းဆန်စိမ်း လောင်းလှူကြသည့် ဒေသခံပြည်သူများ၊ အသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

လျှောက်ထားတင်ပြ

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားမှူး မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးထင်လင်းက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထား တင်ပြသည်။

ထို့နောက် နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ကြီး၏ဦးစီးနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးအဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ပရိတ်တရားတော်

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ဖွား သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးတို့သည် ဆရာတော်ကြီးအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အဖွဲ့ဝင်များ၊ ဒေသခံမြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဌာနဆိုင်ရာတာဝန်ခံများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့သို့ရောက်ရှိသည့် ဖေဖော်ဝါရီ ၇ရက် မွန်းလွဲပိုင်းတွင်လည်း မဟာရွှေစည်ကြီး ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြပြီး ပဓာန နာယက ဆရာတော်ဘဒ္ဒန္တအာစာရအား ဖူးမြော်ကြည်ညိုကြကာ စာသင်တိုက်၏လိုအပ်ချက်များကို မေးမြန်းလျှောက်ထား၍ စာသင်တိုက်၏အခြေအနေကို လှည့်လည်ကြည်ညိုကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီး သာသနာ့ဗိမာန်တော်၌ကျင်းပသော ကန့်ဘလူမြို့ရှိ (၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား များအား ပူဇော်ကန်တော့ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး သက်ကြီးဘိုးဘွားများအား ရှိခိုးကန်တော့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် သက်ကြီးဘိုးဘွား များအား ကန်တော့လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ရွှေဘိုခရိုင် ကန့်ဘလူမြို့၌ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းတွင် မဟာရွှေစည်ကြီး စေတီတော် နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာယဉ်ကျေးမှု ထမနဲထိုးပြိုင်ပွဲသို့ သွားရောက်၍ ကန့်ဘလူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အသင်းအဖွဲ့ စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၂၀တို့က အိုးစည်ဒိုးပတ်အဖွဲ့များဖြင့် အပြိုင်အဆိုင် မြိုင်မြိုင်ဆိုင်ဆိုင် ထမနဲထိုးယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ထမနဲထိုးပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင်အသင်းများ၊ ဒေသခံပြည်သူ များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ကန့်ဘလူမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာငွေးကြွယ်၊ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ ပါမောက္ခများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ဆေးရုံကြီး၌ လာရောက်ဆေးဝါးကုသလျက်ရှိကြသော မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ဆေးရုံကြီးအစည်းအဝေးခန်းမ၌ မျက်စိအထူးကုဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ဒေါက်တာရှုပါအောင်က ရွှေဘိုခရိုင်၊ မုံရွာခရိုင်နှင့် ကသာခရိုင်အတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင်များအား မျက်စိစစ်ဆေးမှုအခြေအနေ၊ ခွဲစိတ်ကုသမှုအခြေအနေနှင့် ဆေးဝါးထောက်ပံ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး၏ ဇနီးနှင့်အတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့ဝင်များက မျက်စိခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

အားပေးစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် အမျိုးသားလူနာဆောင်နှင့် အမျိုးသမီး လူနာဆောင်များ၌ ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး နှင့်ဇနီးတို့သည် မျက်စိခွဲစိတ်ခန်းအတွင်း ပါမောက္ခများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများက အဖွဲ့လိုက် မျက်စိခွဲစိတ်ကုသနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် တာဝန်ရှိသူများသည် ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကန့်ဘလူ၊ ကျွန်းလှ၊ ရွှေဘို၊ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ဝက်လက်၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးတို့မှ မျက်စိခွဲစိတ်ကုသရန် ရောက်ရှိနေကြသော မျက်စိဝေဒနာရှင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဆေးရုံကြီးမှ ပြန်လည် ထွက်ခွာသွားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ကန့်ဘလူ မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လာရောက် ဆေးဝါးကုသလျက်ရှိကြ သော မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် မျက်စိခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်နှင့် ဆေးဝါးပစ္စည်းများ ပေးအပ်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး မျက်စိခွဲစိတ်ခန်း အတွင်း ပါမောက္ခများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိခွဲစိတ်ကုသနေမှုအခြေအနေများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် မျက်စိ ခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်နှင့် ဆေးဝါးပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

အောင်မြင်စွာဆောင်ရွက်

ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်မြို့ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် ၅၀၀မှ မျက်စိအထူးကုဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီးဒေါက်တာရှုပါအောင် ခေါင်းဆောင်သော အထူးကုဆရာဝန်များ ပါဝင်သည့်အဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဦးသန်းအောင်၊ ပါမောက္ခဦးမြအောင်၊ ပါမောက္ခဒေါ်မြင့်ခိုင်တို့ခေါင်းဆောင်သော အထူးကုဆရာဝန်များ ပါဝင်သည့်အဖွဲ့၊ စစ်ဘက်နှင့်နယ်ဘက်ဆိုင်ရာ မျက်စိအထူးကုအဖွဲ့နှစ်ဖွဲ့သည် တိုင်း၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေး ဝန်ထမ်းများ၏ ပူးပေါင်းအထောက်အကူပြုမှုကို ရယူ၍ ဖေဖော်ဝါရီ ၂ရက်မှ ၈ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးခဲ့ရာ လာရောက်ပြသသည့် မျက်စိဝေဒနာရှင်ပေါင်း ၃၉၈၂ဦး၊ အကြီးစားခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်ပေါင်း ၄၄၃ဦး၊ အသေးစား ခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်ပေါင်း ၁၈၁ဦး၊ မျက်မှန်တပ်ရန်စမ်းသပ်သည့် မျက်စိဝေဒနာရှင်ပေါင်း ၂၃၇၃ဦး၊ မျက်မှန်တပ်ဆင်ပြီး ဝေဒနာရှင်ပေါင်း ၁၈၆၅ဦးရှိပြီး ခွဲစိတ်ကုသမှုများကို အောင်မြင်စွာဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သဲကုန်းစိုက်ပျိုးရေး အထက မြတ်ဆရာပူဇော်ပွဲ ဆင်နွှဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့တွင် ၁၉၅၇ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သော စိုက်ပျိုးရေး အလယ်တန်းနှင့် အထက်တန်းကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ်၁ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းတည်နေရာ စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ မြတ်ဆရာပူဇော်ပွဲသို့ ပူဇော်ခံဖိတ်ကြားထားသည့် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲတက်ရောက်ကြပါရန် နိုးဆော်ထားကြောင်းနှင့် အလှူငွေထည့်ဝင်ရေးနှင့် အခမ်းအနားသို့ သွားရောက်ရေးအတွက် ဦးကျော်သောင်း ဖုန်း ၀၉-၅၁-၉၈၀၄၉၊ ဦးကြည်သိန်း၀၅၃-၂၄၃၉၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ၂၀၀၁ခုနှစ်က ဖွင့်လှစ်ခဲ့သည့် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံကြီးသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးညွှန့်က သဖန်းဆိပ်ရေလှောင်တမံနှင့်စပ်လျဉ်းသည့် အချက်အလက်များကို တင်ပြရှင်းလင်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ရေလှောင်တမံ၏ ရေသိုလှောင်ထားနိုင်မှုအခြေအနေကို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ကျေးလက် ဆေးပေးခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး သဖန်းဆိပ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အင်ကြင်းဥယျာဉ်တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ရေသွင်းရေထုတ် အဆောက်အအုံရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

သဖန်းဆိပ်ရေလှောင်တမံ မတည်ဆောက်မီ၌ နှစ်စဉ်မိုးစပါးဧက ၂၈၀၀၀၀ ခန့်ကိုသာ ကာဘိုးရေလွှဲဆည်မှတစ်ဆင့် ရေပေးဝေစိုက်ပျိုးခဲ့ပြီး သဖန်းဆိပ်ရေလှောင်တမံ တည်ဆောက်ပြီးနောက်ပိုင်း မိုးစပါးသာမက နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးနိုင်ကာ နှစ်စဉ်စိုက်ဧက ရှစ်သိန်းကျော်ခန့်အတွက် လိုအပ်သောရေကို ကာဘိုးနှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကင်းတပ်ရေလွှဲဆည်တို့မှတစ်ဆင့် တိုးချဲ့ပေးဝေလျက်ရှိသည်။

ထို့အပြင် သဖန်းဆိပ်ရေလှောင်တမံ၌ တည်ဆောက်ထားသော ရေအားလျှပ်စစ်စက်ရုံကလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ သဖန်းဆိပ်ရေလှောင်တမံသည် ဘက်စုံအကျိုးပြုရေလှောင်တမံကြီးအဖြစ် ရပ်တည်လျက်ရှိသည်။

ဆိတ်ဖူးမြောင်ကျေးရွာ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာသို့ ရောက်ရှိကြရာ ကျေးရွာသူ ကျေးရွာသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ဆိတ်ဖူးမြောင်တိုးချဲ့ရပ်ကွက် ကျန်းမာရေးဌာနအတွင်း လှည့်လည်ကြည့်ရှုပြီးနောက် ဓမ္မာရုံစာကြည့်တိုက်သို့ သွားရောက်ပြီး ကျေးရွာရှိ သက်ကြီးဘိုးဘွားများအား လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ရုပ်ပြ၊ သုတစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မြေဒူးကျေးရွာသို့ ရောက်ရှိကြပြီး ရွှေစည်းခုံစေတီတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကိုလည်းကောင်း၊ ရွှေဂူမြင့် စေတီသို့သွားရောက်၍ စေတီအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကိုလည်းကောင်း ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ကျေးလက်ဆေးပေးခန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နတ်ပေးကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုယ့်အား ကိုယ်ကိုး ကျေးလက်ဆေးပေးခန်း တည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို ကျေးရွာရပ်မိရပ်ဖ ဦးလှဒင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီးတို့က ကိုယ့်အားကိုယ်ကိုး ကျေးလက် ဆေးပေးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် စစ်ကိုင်းတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းအတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် နတ်ပေးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကုမုဒ္ဒေါဘာသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် နတ်ပေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နတ်ပေးကျေးရွာ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်ခဲ့၍ ကျေးဇူးတင် ဂုဏ်ပြုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး၏ ဇနီး ဒေါ်မြမြစန်း၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ကျေးရွာပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(သတင်းစဉ်)**

သစ်တောနဲ့ သစ်ပင်

ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို နှစ်စဉ်စိုက်

ရှေ့တိုက်ကိုစိုး

အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစွမ်းအားများ ခိုင်မာတိုးတက်စေရေး တိုင်းရင်းသားအားလုံး တပေါင်းတစည်းတည်း စုပေါင်းလုပ်ကိုင်ကြရန် အရေးကြီး

ဖွံ့ဖြိုးရေးအခြေခံကောင်းများ လက်ဆင့်ကမ်းနိုင်အောင် သမိုင်းပေးတာဝန်အဖြစ် အားထုတ်ကြိုးပမ်း

အခြေခံကောင်းများသည် အရေအတွက်ရော အရည်အချင်းအရပါ ပြောင်းလဲတိုးတက်နေ

နိုင်ငံတော်၏အနာဂတ်ကို မူဝါဒလမ်းစဉ်များအတိုင်း ဖန်တီးတည်ဆောက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်၏ တိုးတက်လာသော စီးပွားရေးနှင့် မရှိမဖြစ်လိုအပ်သော စက်မှုဆိုင်ရာအသိပညာနှင့် အတတ်ပညာရှင်များ ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(လွိုင်ကော်)ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါကျောင်းဆောင်သစ်ဥပစာရှေ့၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွိုင်ကော်တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ခေတ္တကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နည်းပညာတက္ကသိုလ်(လွိုင်ကော်) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာသီတာဝင်းနှင့် ဌာနမှူးများ၊ ကထိကဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ၊ သူနာပြုများ၊ ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ တေးဂီတအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျောင်းဆောင်သစ်ဥပစာရှေ့၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(လွိုင်ကော်) ကျောင်းဆောင်သစ်၏ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(လွိုင်ကော်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးမည့်နေရာသို့ သွားရောက်နေရာယူကြသည်။

ခရေပင်စိုက်ပျိုး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သတ်မှတ်နေရာ၌ အထိမ်းအမှတ်သစ်ပင်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဝန်ကြီးများသည် သတ်မှတ်နေရာများ၌ ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ္တကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားအစီအစဉ်များကို ကျောင်းဆောင်သစ်ကြီး၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်က နည်းပညာတက္ကသိုလ် (လွိုင်ကော်)ကျောင်းဆောင်သစ်၏ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်တို့သည် နည်းပညာတက္ကသိုလ် (လွိုင်ကော်) ကျောင်းဆောင်သစ်၏ ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ကျောင်းဆောင်သစ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ကျက်သရေဆောင်

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့သည် နည်းပညာတက္ကသိုလ်(လွိုင်ကော်)၏ ခံ့ညားထည်ဝါသည့် ပင်မအဆောက်အအုံဖွင့်ပွဲ ကျင်းပသည့် မင်္ဂလာအခမ်းအနားနေ့ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခုအနေဖြင့် ရှိသင့်ရှိထိုက်သည့် ရုပ်ပိုင်းဆိုင်ရာ စာသင်ဆောင်ကြီး ပြည့်ပြည့်စုံစုံ ပေါ်ထွက်လာခြင်းဖြစ်သကဲ့သို့ လွိုင်ကော်မြို့အတွက် ဂုဏ်ယူဖွယ်ရာ ကျက်သရေဆောင်အဆောက်အအုံတစ်ခု တိုးလာခြင်းလည်းဖြစ်ကြောင်း။

အမှန်မှာ လွိုင်ကော်ဒေသတွင် နေထိုင်ကြသည့် ကျောင်းသားလူငယ်များ အဆင့်မြင့်နည်းပညာကို စရိတ်စကသက်သာစွာဖြင့် လက်လှမ်းတမီသင်ယူရေး၊ ကယားပြည်နယ်၌ အရည်အချင်းရှိသည့် ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်ရေးတို့အတွက် နိုင်ငံတော်က အခြေခံအဆောက်အအုံတစ်ခုကို ခိုင်ခိုင်မာမာ ထူထောင်လိုက်ခြင်းဖြစ်ကြောင်း။

အစီအရီတည်ရှိ

ကယားပြည်နယ်၌ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အတတ်ပညာရှင်လူ့အရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် ယခုနည်းပညာတက္ကသိုလ်အပြင် ကွန်ပျူတာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ရှေးယခင်က ကယားပြည်နယ်၌ မရှိခဲ့ဖူးသေးသည့် ပညာတတ်လူ့အရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာ ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်စသည့် အဆင့်မြင့်ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများသည် အစီအရီတည်ရှိနေပြီဖြစ်ကြောင်း၊

ခိုင်မာကောင်းမွန်

မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်၏ရှေ့ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူ့အဖွဲ့အစည်းရေရှည်အစဉ်အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြောင်းလဲဖြစ်ပေါ်နေသည့် ခေတ်စနစ်၏ တောင်းဆိုမှုများကို ရင်ဆိုင်ဖြေရှင်းရေးနှင့် လူ့အဖွဲ့အစည်း ရေရှည်ရှင်သန် တည်တံ့ရေးတို့အတွက် အရင်းခံအကြောင်းတရားသည် ပညာရေးအခြေခံခိုင်မာကောင်းမွန်နေရန် လိုအပ်ကြောင်း၊ ပညာရေးကသာ အသိပညာနှင့် အတတ်ပညာကိုပေးနိုင်ခြင်းဖြစ်ကြောင်း၊ ပညာရေးမှာ ခေတ်နောက်ကျနေပြီး အဆင့်မမီလျှင် ကျန်ကဏ္ဍအားလုံးသည် ခေတ်နောက်ကျကျန်ရစ်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက **"လူမျိုးတစ်မျိုး ဖွံ့ဖြိုးရန်အတွက် ပညာရေးဟာ အခြေခံအကျဆုံးဖြစ်တယ်။ ပညာရည်မြင့်မားလာမှသာ အသိဉာဏ်ပွင့်လင်းပြီး ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုး တိုးတက်အောင် ထူထောင်နိုင်မှာ ဖြစ်တယ်"** ဟု အလျဉ်းသင့်သည့်အခါတိုင်း မှာကြားလမ်းညွှန်နေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ အချက်အချာ ဒေသအသီးသီး၌ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီရရှိစေရန်နှင့် **စာမျက်နှာ ၇ ကော်လံ ၁**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ် (လှိုင်ကော်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဒေသအလိုက်ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွက်လာစေရန်တို့အတွက် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု သတ်မှတ်ပြီး လှိုင်ကော်ဒေသလိုပင် ဒေသတိုင်း၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ထူထောင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပိုမိုကျယ်ပြန့်

ထို့ကြောင့် ယခုဆိုလျှင် ဒေသအလိုက်၌ အဆင့်မြင့်ပညာနှင့် ဘွဲ့လွန်အဆင့်ပညာ သင်ကြားလိုသူတိုင်းအတွက် လက်လှမ်းတမီ လွယ်လင့်တကူ ပညာသင်ကြားခွင့်များကို ကျယ်ပြန့်စွာ တိုးတက်ရရှိနေပြီဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးပြကြီးများမှာသာ အဆင့်မြင့်ပညာသင်ကြားခွင့်ရခဲ့သည့် ပညာရေးစနစ်ဟောင်းကို ပညာရေးစနစ်သစ်နှင့် အစားထိုးနိုင်လိုက်သည့်အတွက် အဆင့်မြင့်ပညာ သင်ကြားမှုအခွင့်အလမ်းများသည် ပြည်နယ်၊ တိုင်း မြို့ကြီးများအထိသာမက အခြားအချက်အချာကျသည့် ဒေသများအထိပါ ပိုမိုကျယ်ပြန့်သွားပြီဖြစ်ကြောင်း။

ယနေ့ခေတ်ကာလသည် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ် နည်းပညာရပ်များ၏တိုးတက်ပြောင်းလဲမှု ကြီးမားကျယ်ပြန့်ပြီး လျင်မြန်သည့် အရှိန်အဟုန်ဖြင့် မရပ်မနား တိုးတက်ဖြစ်ပေါ်နေသည့်ကာလဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူတတ်မြောက်ပြီး မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အသုံးချနိုင်ရန် အထူးအရေးကြီးလျက်ရှိကြောင်း။

အရည်အချင်းမြင့်မားသည့် ပညာတတ်များက မိမိတတ်ကျွမ်းသည့်ပညာဖြင့် နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင်၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်ရလဒ်ကောင်းများကို မိမိတို့ နိုင်ငံသူနိုင်ငံသားအားလုံး စိတ်အေးချမ်းမြေ့စွာ ရရှိခံစားပြီး လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာအောင် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ကြရမှာပင်ဖြစ်ကြောင်း၊ လှိုင်ကော်နည်းပညာတက္ကသိုလ်သည် နိုင်ငံတော်အတွက်နှင့် ဒေသအတွက် အမှန်တကယ် လိုအပ်သည့် အင်ဂျင်နီယာအတတ်ပညာရှင်များ၊ နိုင်ငံတော်နှင့် လူမျိုးကို ချစ်မြတ်နိုးသည့်ပညာရှင်များအား တိုးချဲ့မွေးထုတ်နိုင်အောင် ကြိုးစားကြရန် အရေးကြီးကြောင်း။

တိုးတက်အောင်မြင်

ယနေ့နိုင်ငံတော်သည် ခေတ်သစ်တစ်ခုကို ညင်သာအေးချမ်းစွာ ကူးပြောင်းရန်အတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲတည်ဆောက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်၌ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လိုအပ်သောအခြေခံများ ခိုင်ခိုင်မာမာပြည့်စုံအောင် မနားမနေ ထူထောင်နိုင်သည့်အတွက် ကဏ္ဍအလိုက်ရော၊ ဒေသအလိုက်ပါ အရှိန်အဟုန်ရှိရှိ တိုးတက်မှု၊ အောင်မြင်မှုများရလျက်ရှိကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့် ပြောင်းလဲတိုးတက်နေသကဲ့သို့ ပြည်နယ်၊ တိုင်း အားလုံးသည်လည်း တစ်ပြိုင်တည်း အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ကယားပြည်နယ်သည် ပြည်ထောင်စုကြီး၏ ပြည်နယ်၊ တိုင်း ၁၄ ခုအနက် လူဦးရေအနည်းဆုံး၊ အကျယ်အဝန်း အသေးဆုံးဖြစ်သော်လည်း အရှိန်အဟုန်ရှိရှိ ပြောင်းလဲတိုးတက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် တတိယငါးနှစ်စီမံကိန်းကာလ ၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ကယားပြည်နယ်၏ စီးပွားရေးသည် တစ်နှစ်ပျမ်းမျှ ၁၁ ဒသမ ၇ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပြီး စတုတ္ထငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းနီးပါးခန့်၊ ၂၀၀၇-၂၀၀၈ ခုနှစ် ဒုတိယနှစ်တွင် ၁၁ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း တွေ့ရှိရကြောင်း၊ ယခင်က စပါးစိုက်ဧက ခြောက်သောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ မိုးစပါးအပြင် နွေစပါးပါ တိုးချဲ့စိုက်ပျိုးလာသည့်အတွက် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စပါးစိုက်ဧက တစ်သိန်းကျော်ရှိလာပြီး ဒေသဆန် ဖူလုံပိုလျှံနေပြီဖြစ်ကြောင်း၊ အလားတူ မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများကိုလည်း သိသိသာသာ တိုးချဲ့စိုက်ပျိုးနိုင်သည့်အတွက် စားသုံးဆီသည်လည်း ဒေသတွင်း ဖူလုံပိုလျှံလျက်ရှိနေပြီဖြစ်ကြောင်း၊ စားစရာ ဆန်နှင့်ဆီ ဖူလုံလောက်ငနေသည့် ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

ပညာရေးကဏ္ဍတွင် အဆင့်မြင့်ပညာသင်ကြားသည့် တက္ကသိုလ်များကို ခြံရံထားသော ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းပေါင်း ၃၈၈ ကျောင်း၌ ကျောင်းသားပေါင်း ခြောက်သောင်းနီးပါးခန့် ပညာသင်ကြားလျက်ရှိကြောင်း၊ ယခင်ကထက် အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ မူလတန်းကျောင်း ၄၂ ကျောင်း၊ စုစုပေါင်း ၅၅ကျောင်း တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

အလားတူ ကျန်းမာရေးကဏ္ဍတွင်လည်း ခုတင်(၂၀၀)ဆံ့ ပြည်နယ်ဆေးရုံ၊ (၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံ ခြောက်ရုံ၊ တိုက်နယ်ဆေးရုံ ရှစ်ရုံနှင့် ကျေးလက်ကျန်းမာရေး ဌာန ၂၇ ခု၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တစ်ရုံတို့ကို ဖွင့်လှစ်ထားရှိပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် ကဏ္ဍသစ်အဖြစ် အောင်ပန်း-လှိုင်ကော်ရထားလမ်းကို ၁၉၉၃ ခုနှစ်တွင် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည့်အတွက် ပြည်နယ်အဝင်အထွက်ကို ကားလမ်းကြောင်း၊ လေယာဉ်လမ်းကြောင်းသာမက ရထားလမ်းကြောင်းဖြင့်လည်း သွားလာ၍ရနေပြီဖြစ်ကြောင်း၊ မော်တော်ကားလမ်းများဖြစ်သည့် တောင်ငူ-လိပ်သို-ယာဒို-လှိုင်ကော်လမ်း၊ လှိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း၊ ဘော်လခဲ-ရွာသစ်-စွပ်ပိုင်လမ်း၊ ဖားဆောင်း-မယ်စဲ့လမ်း စသည့် လမ်းများကိုလည်း နှစ်စဉ် ရန်ပုံငွေများခွင့်ပြုပြီး ပြုပြင်ထိန်းသိမ်းပေးနေသကဲ့သို့ လိုအပ်သည့်တံတားများကိုလည်း ဆက်လက် တည်ဆောက်လျက်ရှိကြောင်း။

ကောင်းမွန်အဆင်ပြေ

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့နေမှသာ ပြည်နယ်၏ ဖွံ့ဖြိုးမှုသည် ပိုမိုအားကောင်းလာမှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အဆင်ပြေနေပြီး သွားရေးလာရေး၊ ကူးသန်းရောင်းဝယ်ရေး တိုးတက်နေရန်မှာလည်း ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းလုံခြုံရန် လိုအပ်ကြောင်း၊ နယ်မြေဒေသအတွင်းတွင် တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများ၏ လူနေမှုဘဝပြည့်စုံလုံခြုံအောင် စေတနာ မည်မျှပင်ရှိစေကာမူ လက်တွေ့ဆောင်ရွက်ပေးနိုင်ရန် ခက်ခဲလှကြောင်း။

ယနေ့ ကယားပြည်နယ်သည် ယခင်အချိန်များနှင့် မတူဘဲ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ဆိုသော်လည်း လက်နက်ကိုင်သောင်းကျန်းမှု အကြွင်းအကျန်ရှိနေဆဲဖြစ်သည့်အတွက် ပြည်နယ်၏ ရှေ့ကို ဖွံ့ဖြိုးတိုးတက်ရမည့် အလားအလာများကို တုံ့နှောင်ဟန့်တားလျက်ရှိနေကြောင်း ဒေသခံတိုင်းရင်းသားအားလုံးက အလေးဂရုပြုမိရန် လိုအပ်ပါကြောင်း ပြောကြားလိုကြောင်း။

အားထည့်ဆောင်ရွက်

ပြည်နယ်၌ နေထိုင်လျက်ရှိကြသည့် ပြည်သူများအနေဖြင့် လုံခြုံအေးချမ်းစွာ မိမိတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို စိတ်ချလက်ချ လုပ်ကိုင်နိုင်ရန် အမှန်တကယ် အရေးကြီးကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း လူဦးရေအားဖြင့် နည်းပါးပြီး စီးပွားရေးအရလည်း နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကို ပါဝင်အထောက်အကူပြုရာမှာ အားနည်းသည့် ပြည်နယ်ဖြစ်သည်ဆိုပြီး မျက်နှာလွှဲခြင်းမျိုး မထားရှိဘဲ၊ အခြား ပြည်နယ်၊ တိုင်းများနှင့် ယှဉ်တွဲပြီး ရင်ပေါင်တန်းနိုင်အောင်၊ ဖွံ့ဖြိုးတိုးတက်လာအောင် စိတ်တိုင်းကျ အားထည့် ဆောင်ရွက်ပေးနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းသည့် အခြေအနေကောင်းမျိုး အမှန်ပင် လိုအပ်ကြောင်း။

ထို့ကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရည်မျှော်ပြီး နိုင်ငံတော်အစိုးရသည် လက်နက်ကိုင်လမ်းစဉ်ကို စွဲကိုင်နေလျက်ရှိသည့် လက်ကျန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအတွက် ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး တရားဥပဒေဘောင်အတွင်း ပူးပေါင်းရပ်တည်နိုင်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ သည်းခံမှု၊ စာနာမှုနှင့် ပူးပေါင်းမှုသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် ကြီးမားသည့် အင်အားဖြစ်ကြောင်း လက်တွေ့သာဓက များစွာရှိပြီးလည်းဖြစ်ကြောင်း။

ဟန်ချက်ညီညီ

နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ပိုင်းအရရော စေတနာပိုင်းအရပါ ပြည်နယ်နှင့်တိုင်းများကို အကြီးအငယ်၊ အဝေးအနီးမခွဲခြားဘဲ မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရမည်ဆိုသည့် ခံယူချက်ထားရှိပြီး လက်တွေ့ကျကျ အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲကလည်း **“ပြည်နယ်၊ တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားပြည်သူအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ကြတယ်၊ တစ်ဦးချမ်းသာ၊ ကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာ၊ ကျန်းမာအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေရတယ်။”**

“နိုင်ငံတော်အစိုးရဟာ မိဘသဖွယ် မိမိရဲ့ သွေးသားများဖြစ်တဲ့ တိုင်းရင်းသားများ ကောင်းစားရေး၊ ယင်းတို့ရဲ့ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိတယ်။ အားလုံးဟာ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားများဖြစ်ရာ မည်သည့် တိုင်းရင်းသား သားသမီးကိုမဆို သာစေ၊ နာစေဟူ၍ မရှိ၊ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ဖြစ်တယ်” ဆိုပြီး တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသည့် နိုင်ငံတော်၏ ခံယူချက်ကို ရှင်းလင်းစွာ လမ်းညွှန်ထားပြီးဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးကလည်း မိမိတို့နေထိုင်ရာ နယ်မြေဒေသ တိုးတက်ရမည်၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် နယ်မြေဒေသ ချစ်စိတ်သာမက ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာသည့် စိတ်ဓာတ်တို့ဖြင့် ညီညီညွတ်ညွတ် ဖိဖိစီးစီး အလုပ်လုပ်ကြရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၏ အနာဂတ်ကောင်းစားရေး၊ မိမိတို့၏ အမျိုးသားရေးဂုဏ်သိက္ခာ နှင့် အမျိုးသားရေးစွမ်းအားများ ခိုင်မာတိုးတက်စေရေးတို့အတွက် သီးခြားစီ တကွဲတပြား လုပ်ကိုင်ဆောင်ရွက်နေကြ၍မဖြစ်ဘဲ တိုင်းရင်းသားအားလုံး အေးအတူပူအမျှ တပေါင်းတစည်းတည်း စုပေါင်းလုပ်ကိုင်ကြရန် အရေးကြီးကြောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းတည်ငြိမ်သည့်၊ ညီညွတ်မှုရှိသည့်၊ ဖွံ့ဖြိုးတိုးတက်နေသည့် အခြေအနေကောင်း၊ အမွေကောင်းများကို လက်ဆင့်ကမ်းပေးနိုင်အောင် အားထုတ်ကြိုးပမ်းရေးသည် ယနေ့ မိမိတို့အားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်၏ အခြေအနေသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဟန်ချက်ညီညီ ဦးထမ်းပွဲထမ်း ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိကြောင်း၊ အခြေခံကောင်းများသည် အရေအတွက်အရ တိုးပွားနေသကဲ့သို့ အရည်အချင်းအဖြစ်လည်း ပြောင်းလဲတိုးတက်နေသည်ကို စိစစ်လေ့လာ တွေ့ရှိနိုင်ကြောင်း၊ မျက်မြင်အနေအထားများအရလည်း ထွန်းကားတိုးတက်မှုများသည် မြင်သာထင်သာလျက်ရှိကြောင်း။

အနောက်အုပ်စု နိုင်ငံကြီးအချို့၏ အမြင်မှားများနှင့် ယှဉ်ပြီး ဖိအားပေးမှု၊ စီးပွားရေးအရ ပိတ်ဆို့မှု၊ သံတမန်ရေးအရ စွပ်စွဲလုပ်ကြံဖန်တီးမှုများ မရှိခဲ့ဘဲ ပုံမှန်အခြေအနေ မှန်အတိုင်းသာဆိုလျှင် နိုင်ငံတော်သည် ယခုထက်မြင့်မားသည့် ဖွံ့ဖြိုးမှုနှုန်းဖြင့် တိုးတက်အောင်မြင်နေမှာဖြစ်ကြောင်း။

ဆက်လက်အကောင်အထည်ဖော်

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးတည်ဆောက် ဖော်ဆောင်သွားမှာဖြစ်ကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းအစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိရာတွင် ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူများ၏ တစ်ခဲနက် ထောက်ခံဆန္ဒပြုမှုဖြင့် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းကို တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းမှုအားဖြင့် ညင်သာချောမွေ့အောင်မြင်စွာ ဆက်လက် အကောင်အထည်ဖော်သွားမှာဖြစ်သည့်အတွက် နိုင်ငံတော်၏အနာဂတ်သည် ခိုင်မာသေချာရေရာလျက်ရှိကြောင်း။

နိဂုံးချုပ်အားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင်လည်းကောင်း၊ ယင်းနိုင်ငံတော်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ လိုအပ်နေသည့်အရည်အချင်းမြင့်မားသော ပညာတတ် လူ့အရင်းအမြစ်များကို လှိုင်ကော်နည်းပညာတက္ကသိုလ်အပါအဝင် လှိုင်ကော်တက္ကသိုလ်များက ပြုစုပျိုးထောင်မွေးထုတ်ကြပါ၊ မိမိတို့ တက္ကသိုလ်များကိုလည်း အသွင်သဏ္ဌာန်ရော အရည်အသွေးပါ အဆင့်အတန်းမီသည့် ဂုဏ်ယူရမည့် တက္ကသိုလ်များဖြစ်အောင် ကြိုးပမ်းကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာသီတာဝင်းက နည်းပညာတက္ကသိုလ် (လှိုင်ကော်)၏သမိုင်းကြောင်း၊ သင်ကြား/စီမံ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

နည်းပညာတက္ကသိုလ်(လှိုင်ကော်) ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။
(သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုနှင့် ချစ်ခြင်းတရား

ရန်ကြီး

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်ရှိသည့်အနက် ယခုအခါ ပြည်ထောင်စုနိုင်ငံပေါင်း ၂၇ နိုင်ငံရှိသည်။ ပြည်ထောင်စုနိုင်ငံ ငါးနိုင်ငံ (ဆိုဗီယက်၊ ချက်ကိုဆလိုဗက်ကီးယား၊ ယူဂိုဆလားဗီးယား၊ အာရပ်နိုင်ငံများပြည်ထောင်စု၊ အနောက်အိန္ဒိယကျွန်းစု)တို့မှာ ပြည်ထောင်စုပြိုကွဲ၍ သီးခြားနိုင်ငံများအဖြစ် ခွဲထွက်သွားခဲ့ကြသည်။ ပြည်ထောင်စု နိုင်ငံနှစ်နိုင်ငံ (လစ်ဗျား၊ အင်ဒိုနီးရှား)တို့မှာ တစ်ပြည်ထောင်နိုင်ငံများအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြသည်။

ပြည်ထောင်စုဟုဆိုရာ၌ လွတ်လပ်၍ တန်းတူသော ပြည်ထောင်များ စုစည်းကာ ဖြစ်ပေါ်လာသော ပြည်ထောင်စုများလည်းရှိသည်။ ဤအမျိုးအစားပြည်ထောင်စုကို အများအားဖြင့် ဥရောပမှ ကိုလိုနီများ တည်ထောင်အခြေစိုက်သည့် ကိုလိုနီနယ်အချင်းချင်းစုပေါင်း၍ ထူထောင်သောနိုင်ငံများတွင် တွေ့ရသည် (ဥပမာ-အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ သြစတြေးလျ)။ အချို့ ပြည်ထောင်စုများမှာ ရှေးယခင်က ဘုရင့်နိုင်ငံ (သို့မဟုတ်) အင်ပါယာ တစ်ခုဖြစ်ခဲ့ပြီး နယ်ချဲ့တို့၏ ကိုလိုနီကျွန်ဘဝ သို့လည်း အတူတကွ ကျရောက်ခဲ့ပြီးမှ လွတ်လပ်ရေးရရှိလာချိန်တွင် ယဉ်ကျေးမှုနှင့် နယ်မြေအနေအထား ကွဲပြားခြားနားမှုအပေါ် မူတည်၍ ပြည်နယ်များ ပြန်လည်ခွဲခြားကာ ပြည်ထောင်စုနိုင်ငံအဖြစ် ပြန်လည်ဖွဲ့စည်းခြင်းဖြစ်သည် (ဥပမာ-အိန္ဒိယ၊ မလေးရှား၊ နိုင်ဂျီးရီးယား)။ အချို့မှာမူ တစ်ပြည်ထောင်မှ ပြည်ထောင်စု နိုင်ငံအဖြစ်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည် (ဥပမာ-စပိန်၊ ဘယ်လ်ဂျီယံ၊ တောင်အာဖရိက)။ အချို့နိုင်ငံများမှာ ဘုံအန္တရာယ်ကြောင့်လည်းကောင်း၊ ပေါင်းစည်းလိုက်လျှင် ပိုမိုအင်အားတောင့်တင်းပြီး အခြားနိုင်ငံများကို အောင်နိုင်မည်ဖြစ်သောကြောင့်လည်းကောင်း ပြည်ထောင်စုအဖြစ် ဖွဲ့စည်းကြသည် (ဥပမာ-ရှေးခေတ်ဂျာမနီနှင့် အာရပ်နိုင်ငံများပြည်ထောင်စု)။

ဤသို့ပေါင်းစည်းပုံအမျိုးအစားများ ကွာခြားသကဲ့သို့ ပြည်ထောင်စုအတွင်း နယ်မြေစီရင်စုများ ထပ်မံခွဲခြားရာ၌လည်း ယဉ်ကျေးမှု (ဥပမာ-ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ လူမျိုးစု) အရ ခွဲခြားခြင်း၊ နယ်မြေအပိုင်းအခြားအရ ခွဲခြားခြင်း၊ ယင်းနှစ်မျိုးရောနှော၍ ခွဲခြားခြင်းဟူ၍ ကွဲပြားပြန်သည်။

ထို့အပြင် ပြည်ထောင်စုအစိုးရ(ဗဟိုအစိုးရ)နှင့် ပြည်နယ်အစိုးရများ၏ အာဏာခွဲဝေမှုအပေါ်မူတည်၍ ဗဟိုမှ ထိန်းချုပ်မှုများပြားသောပြည်ထောင်စု၊ ဗဟိုမှ ထိန်းချုပ်မှုနည်းပါးသော ပြည်ထောင်စုဟူ၍ ခွဲခြားနိုင်သည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပူးပေါင်းကာ မေတ္တာသရုပ်ကို လက်တွေ့အလုပ်ဖြင့်သာဓက ပြနိုင်ခဲ့ကြသည့်အတွက် နိုင်ငံတစ်ဝန်း လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဆည်မြောင်း၊ လျှပ်စစ် စသည်ဖြင့် ဖွံ့ဖြိုးမှုအခြေခံများကို ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ပြီးစီးခဲ့ပြီ။

ဤကဲ့သို့ ပြည်ထောင်စုပုံစံအမျိုးမျိုး၊ ဖွဲ့စည်းပုံအမျိုးမျိုး၊ အာဏာခွဲဝေပုံအမျိုးမျိုးသာမက သက်ဆိုင်ရာနိုင်ငံများအလိုက် အုပ်ချုပ်ပုံစနစ်အမျိုးမျိုးလည်း ကွဲပြားလျက်ရှိရာ မည်သည့်ပြည်ထောင်စုပုံစံမျိုးသည်သာ ပြည်ထောင်စုစစ်စစ်ဟု အပ်ကျမပ်ကျ ဆိုနိုင်ဖွယ်မရှိချေ။ စင်စစ်၌ မိမိနိုင်ငံ၏ ဖြစ်တည်ပုံသမိုင်းကြောင်း၊ ရေမြေအနေအထား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ တန်ဖိုးစံနှုန်းများနှင့် အခြားလူမှုစီးပွားရေး အခြေအနေများ၊ နိုင်ငံရေးစနစ်များအပေါ်၌ မူတည်၍သာလျှင် မိမိတို့နိုင်ငံနှင့် အသင့်လျော်ဆုံးဟု ယူဆရသည့် ဖွဲ့စည်းပုံစနစ်များကို ရွေးချယ်သတ်မှတ်ရခြင်း ဖြစ်လေသည်။

ထို့ပြင် တစ်ပြည်ထောင်နိုင်ငံများ၌လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံများ၌လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အင်အားတောင့်တင်းခိုင်မာ၍ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများရှိသကဲ့သို့ ဝါးအစည်းပြေသည့်နှယ် အင်အားပြိုကွဲ၍ ဆင်းရဲတွင်းနက်နေကြသော နိုင်ငံများလည်း ရှိကြသည်သာ ဖြစ်သည်။

သို့ဖြစ်ရာ စေ့စေ့ငုငု လေ့လာဆန်းစစ်ကြပါက နိုင်ငံတို့၏ စည်းလုံးညီညွတ်မှုနှင့် အင်အားတောင့်တင်းခိုင်မာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ရုပ်ပိုင်းဆိုင်ရာအသွင်သဏ္ဌာန်ထက် နိုင်ငံသားတို့၏ စိတ်ပိုင်းဆိုင်ရာ အနှစ်သာရအပေါ်တွင်သာ ပို၍မူတည်နေကြောင်း တွေ့ရမည်ဖြစ်ပေသည်။ နိုင်ငံသားအချင်းချင်း တစ်ဦးအကျိုးကို တစ်ဦးလိုလားကာ အပြန်အလှန် ယုံကြည်ခင်မင်လေးစား ရိုင်းပင်းကြမည်ဆိုပါက တစ်ပြည်ထောင်နိုင်ငံများ၌လည်း ဗဟိုအစိုးရနှင့် စီရင်စုနယ်များအကြား ဆက်ဆံရေးက ပြေလည်နေမည်သာဖြစ်၏။ ပြည်ထောင်စုနိုင်ငံများ၌လည်း ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအကြား၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့အကြား အပြန်အလှန်ဆက်ဆံမှု၊ အာဏာခွဲဝေကျင့်သုံးမှုများက အဆင်ပြေနေမည်သာ ဖြစ်လေသည်။

ထိုသို့ အဆင်ပြေချောမွေ့သော နိုင်ငံရေးဆက်ဆံမှု အနေအထားမှာ နိုင်ငံရေးအင်အားစုများ၏ နိုင်ငံရေးအရ သဘောထားရင့်ကျက်ပြည့်ဝမှု၊ မိမိအကျိုး၊ မိမိပါတီအကျိုးထက် တိုင်းပြည်အကျိုးကို ပိုမိုဦးစားပေးနိုင်မှု၊ အာဏာ နိုင်ငံရေး၊ ငွေကြေး နိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကိုသာ ဆောင်ရွက်သယ်ပိုးလိုမှု၊ နိုင်ငံရေးအင်အားစုအချင်းချင်း လေးစားချစ်ကြည်ကာ အကျိုးလိုလားမှုတို့အပေါ်တွင် များစွာ မူတည်နေမည် ဖြစ်သည်။ လူမှုဒဿနအမြင်ဖြင့် ဖွင့်ဆိုပါက နိုင်ငံရေးအင်အားစုများ အပါအဝင် လူ့အဖွဲ့အစည်းဝင်အချင်းချင်း မေတ္တာအခြေခံသော ဆက်ဆံရေးကို တည်ဆောက်နိုင်မှသာ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်သည် စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုများ ရရှိနိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော သာဓကများကို လေ့လာပါက နိုင်ငံတစ်ခုနှင့်တစ်ခု(သို့မဟုတ်)နိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု သမိုင်းကြောင်း အာဃာတများ၊ အတ္တစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ လူတန်းစားစွဲ စသည့်အစွဲကြီးမားမှုများ၊ အင်အားကြီးသူက အင်အားနည်းသူကို အင်အားသုံး အနိုင်ကျင့်ဖိနှိပ်လိုမှုများ၊ လူများစုက လူနည်းစုကို ခွဲခြား ဆက်ဆံမှုများ၊ အားနည်းသူက အားကြီးသူအပေါ် မနာလိုဝန်တိုမှု၊ ပျက်စီးစေလိုမှုများ စသည့် လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ မစ္ဆရိယ စသော မကောင်းသည့် တရားများနှင့်ယှဉ်၍ မကောင်းကြံ၊ မကောင်းပြော၊ ဖျက်လိုဖျက်ဆီးပြုမှု လုပ်ကိုင်နေကြသဖြင့် မတည်ငြိမ်မှုများ၊ လက်နက်ကိုင် ပဋိပက္ခများ၊ အကြမ်းဖက်အသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ အတွင်းကျိတ် အဖျက်အမှောင့် လုပ်ငန်းများ ပေါ်ပေါက်နေရသည်ကို တွေ့မြင်နိုင်သည်။

ဥပမာ သာဓကတစ်ရပ်အဖြစ် မကြာမီက ဖြစ်ပွားခဲ့သော ဂါဇာဒေသ ပြဿနာကို ဆန်းစစ်လေ့လာပါက အရင်းအနှီးနှင့် နည်းပညာကြွယ်ဝသော အစ္စရေးနှင့် ရေနံကြွယ်ဝသော အာရပ်နိုင်ငံများ၊ ဆင်းရဲ၍ လုပ်အားခချိုသာသော ပါလက်စတိုင်းများ ပေါင်းစပ်မိလျှင် ကမ္ဘာ့တိုက်ကြီးသုံးတိုက်၏ ဗဟိုချက်၌ရှိသော အရှေ့အလယ်ပိုင်းဒေသသည် လျှမ်းလျှမ်းတောက် ကမ္ဘာ့အင်အားကြီး အုပ်စုတစ်ခုဖြစ်လာမည် မလွဲပေ။ သို့သော် သမိုင်းကြောင်း အာဃာတနှင့် အပြန်အလှန်သွေးကြွေးဆပ် လက်တုံ့ပြန်မှု၊ အားကြီးသူက အားနည်းသူကို ဖိနှိပ်မှု၊ အားနည်းသူက အားကြီးသူကို အသေခံအကြမ်းဖက် တုံ့ပြန်မှုစသည့် မဆုံးနိုင်သော ရန်ငြိုးသံသရာကို ပွေ့ပိုက်ရင်း ငြိမ်းချမ်းရေးနှင့် ဝေးနေရဆဲ၊ ဝေးနေရဦးမည့် အခြေအနေ ရှိသည်။

အလားတူပင် အီရတ်နိုင်ငံ၌လည်း ရှီးယိုက်နှင့် ဆွန်နီဘာသာရေး ကွဲပြားမှုနှင့် ကာ့ဒ်တို့၏ လူမျိုးရေးအစွဲတို့ကြောင့် ဝါးအစည်းပြေကာ တိုင်းတစ်ပါး လက်အောက်၌ ဖရိုဖရဲဖြင့် ဆင်းရဲဒုက္ခ ရောက်နေရဆဲရှိသည်။ အာဖဂန်နစ္စတန် နိုင်ငံသည်လည်း တောင်ပိုင်းဒေသရှိ ပုရှ်တွန်(ပထန်)များနှင့် မြောက်ပိုင်းဒေသရှိ ဥဇဘက်၊ တာ့ခ်မင်၊ တာဂျစ်စသည့် လူမျိုးစုများအကြား နယ်မြေလု၊ အာဏာလုစစ်ပွဲများကြောင့် စည်းလုံးမှုပြိုကွဲရသောအခါ ပြည်ပပယောဂများဝင်လာကာ ယနေ့ထက်တိုင် ဖော်မပြနိုင်လောက်သော ဘေးရန်ဒုက္ခများနှင့် တွေ့ကြုံနေရသည်။ ရှေးကာလက ဂန္ဓာရတိုင်း၊ တက္ကသီလာ(ခေါ်) ပညာရေးအချက်အချာ နယ်မြေအဖြစ် ဂုဏ်သတင်းထွန်းပခဲ့သော အာဖဂန်နစ္စတန်မှာ ယခုအခါ စည်းလုံးမှုပြိုကွဲခြင်း ရလဒ်ကြောင့် ပစ္စန္တရစ်အရပ်သဖွယ် ဖြစ်နေရလေပြီ။

အခြားပြိုကွဲသွားသည့် ပြည်ထောင်စုများမှ နောက်ဆက်တွဲပြိုကွဲမှုများ ဖြစ်သည့် ကိုဆိုဗို၊ ဂျော်ဂျီယာစသော နယ်မြေများ၌လည်း ယမ်းငွေ့လွှမ်းသည့် သွေးခင်းလမ်းကို လျှောက်လှမ်းနေကြဆဲဖြစ်၏။ ပြည်ထောင်စု မဟုတ်သော်လည်း ကွဲပြားသော လူမျိုးစု၊ ဘာသာစကားနှင့် ယုံကြည်ကိုးကွယ်မှု၊ ကွဲပြား၍ သီးခြားဖြစ်နေသော နယ်မြေအစိတ်အပိုင်းနှင့် နိုင်ငံသားအချင်းချင်း အပြန်အလှန် ချစ်ခင်ယုံကြည်မှု ကင်းမဲ့နေသော နိုင်ငံများ၌လည်း ပြဿနာများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၌ မိုရိုလူမျိုးစုပြဿနာ၊ ထိုင်းနိုင်ငံ၌ ထိုင်းတောင်ပိုင်းပြဿနာ၊ အင် [...] မာလူကူကျွန်းစုငယ်များ ပြဿနာ၊ တောင် [...] ကျားသူပုန်ပြဿနာ စသည်တို့ကို သာဓကအ [...]

မူလကပင် ကွဲပြားသော ယဉ်ကျေးမှုနှင့် [...] စုစည်း၍ ပြည်ထောင်စုအဖြစ် တည်ထောင် [...] ထောင်စု နိုင်ငံများ၌မူ ပြည်ထောင်စုမပြိုကွဲ [...] ညီညွတ်မှု မပြိုကွဲရေးတို့၏ အရေးပါပုံမှာ ဆို [...] အစတွင် တင်ပြခဲ့သည့် ကိန်းဂဏန်းတို့ကို [...] ပြည်ထောင်စုနိုင်ငံပေါင်း(၃၄)နိုင်ငံခန့် စုစုပေ [...] (၇)နိုင်ငံခန့်မှာ ပြည်ထောင်စုအဖြစ်မှ စုတိရှေ [...] တစ်ပုံခန့်မှာ ပြည်ထောင်စုအဖြစ် ကြာရှည် [...] တွေ့ရ၏။

သို့သော်လည်း ပြည်ထောင်စုစနစ်၏ စုပေ [...] ယဉ်ကျေးမှု အစဉ်အလာကွဲပြားမှုကို သဟဇ [...] နိုင်သည့် အကျိုးတရားကို သိမြင်လာကြသည့် [...] လည်း ပြည်ထောင်စုပုံစံကို တရားဝင်ခံယူလာ [...] ကဲ့သို့ တစ်ပြည်ထောင် အုပ်ချုပ်မှုစနစ်နှင့် ပြည် [...] ကို ပေါင်းစပ်ကာ မိမိအခြေအနေနှင့် ကိုက်ညီ [...] နိုင်ငံများလည်း ရှိနေသည်။ ဥရောပဒေသမှ အချ [...] ကိုယ်တိုင်ပင် ပြည်ထောင်စုစနစ်၏ စုပေါင်းညီ [...] သောကြောင့် ၁၉၅၀ပြည့်လွန်နှစ်များမှစ၍ ဥ [...] States of Europe)ဖြစ်ပေါ်လာရေးကို ဦးတ [...] ဥရောပဘုံဈေးမှ ဥရောပဘုံအဖွဲ့၊ ၄င်းမှ ဥ [...] လှမ်းချီနိုင်ခဲ့လေပြီ။ ဥရောပနိုင်ငံများအတွင်း [...] မူဝါဒ၊ တစ်ခုတည်းသော လယ်ယာစိုက်ပျိုးရေး [...] ငွေကြေးစနစ်၊ တစ်ခုတည်းသော နိုင်ငံခြားရေး [...] နိုင်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည် [...]

အရှေ့တောင်အာရှဒေသ၌လည်း အာဆီယံ [...] ပိုမိုနီးကပ် စည်းလုံးညီညွတ်စွာ လုပ်ငန်းများ [...] အာဆီယံပဋိညာဉ်ကို စုပေါင်းပြုစုပြဋ္ဌာန်းနိုင်ခဲ့ [...] ရေးကဏ္ဍပေါင်းစုံ၌ ပိုမိုစုစည်းဆောင်ရွက်မည့် [...] ပေါင်းများစွာကို ချမှတ်ဆောင်ရွက်လျက်ရှိသ [...] ညီညွတ်မှုစွမ်းအားကြောင့် အရှေ့မြောက်ဒေသ [...] နိုင်ငံများသည်ပင် ‘‘အာဆီယံ(အပေါင်း)သုံး’’ [...] ကြသည်ကို တွေ့နိုင်သည်။

ယနေ့ကာလ ကမ္ဘာ့အခြေအနေများအရ နို [...] ကျော်၍ ရောက်ရှိလာသော သဘာဝနှင့် လူလု [...] နိုင်ငံများကို ဝန်းရံခြိမ်းခြောက်လျက်ရှိသည်။ [...] များကို ကာကွယ်တားဆီး ကျော်လွှားနိုင်ရေးအ [...] အချင်းချင်း စည်းလုံးညီညွတ်မှုလိုအပ်သကဲ့သို့ [...] စည်းလုံးစွာ ပူးပေါင်းဆောင်ရွက်ရန်လည်း အ [...] ရှိသည်။

သို့ရာတွင် လက်တွေ့သာဓကများအရ အ [...] အလှန်ချစ်ခင်ရိုင်းပင်းမှုရှိကြသော လူ့အဖွဲ့အစ [...] ညီညွတ်မှုတည်ဆောက်ကာ ဖွံ့ဖြိုးတိုးတက်အေ [...] ကို တွေ့ရသည်။ ယုံကြည်မှုနှင့် ချစ်ခင်မှုဟူသ [...] သော အပြောသက်သက်မျှနှင့် တည်ဆောက်၍ရ [...] အားလုံး လူမျိုးဘာသာ၊ နေရာဒေသမရွေး တန် [...] ဥပဒေအရ တစ်ပြေးညီကာကွယ်ပေးနိုင်မှု၊ တူညီ [...] အခွင့်အလမ်းများ ရရှိနိုင်မှု၊ အချင်းချင်း နီး [...]

ပြည်ထောင်စု [...] အလိုက် အုပ်ချု [...] ပြည်ထောင်စုစစ်စ [...] ရေမြေ အနေအ [...] နိုင်ငံရေးစနစ်များ [...] စနစ်များကို ရွေး [...]

သတိနှင့် အသိ

* ‘မြန်မာအစ မြန်မာက’
မည်ရသေချာ ရွှေမြန်မာ၌
ရာကျော်ထင်လင်း တိုင်းရင်းသားစု
ညီနောင်ထုလျှင် ပေါင်းစုခိုင်ကျည်
ပြည်ထောင်စုစိတ် တစ်စိတ်တစ်ဝမ်း
အေးချမ်းကျစ်လျစ် ဖြစ်တည်လာရေး
ရည်မျှော်တွေးကာ သွေးချွေးရင်းတည်
စည်းလုံးညီခဲ့ ရည်ရွယ်ချက်ကောင်း
လုပ်ရပ်ကောင်းစွာ ကောင်းမွန်ပါ
မြန်မာမွန်မြတ် တည်နေမတ်။

* ယခုမှန်လတ် တည်နေမတ်လည်း
ဖြစ်ရပ်အတိတ် အရိပ်မည်းမိုး
နယ်ချဲ့ဆိုးကို တစ်မျိုးမေ့ကာ
မပေါ့ပါနှင့် ခွင့်သာမှုချောင်း
စရိုက်ဟောင်းနှင့် ကြောင်းကြောင်းကဲပို
ဆီလိုအပေါက်ရှာ ယုတ်မာဆိုးသွမ်း
မဟုတ်တမ်းတရမ်း လုပ်တတ်ငြားကို
ပြတ်သားသတိ အစဉ်ရှိလျက်
အသိထပ်တူ မပြတ်ကူ
ပြည်သူတစ်ရပ်လုံး ညီစေလော့။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက်-

ဒေါက်တာသန်းဦး

ရန်ကြီးအောင်

ထိုင်းနိုင်ငံ၌ ထိုင်းတောင်ပိုင်းပြဿနာ၊ အင်ဒိုနီးရှား၌ နိုင်ငံအရှေ့ပိုင်း မာလူကူကျွန်းစုငယ်များ ပြဿနာ၊ တောင်အာရှဒေသ၌ သီရိလင်္ကာ ကျားသူပုန်ပြဿနာ စသည်တို့ကို သာဓကအဖြစ် တွေ့မြင်နိုင်သည်။

မူလကပင် ကွဲပြားသော ယဉ်ကျေးမှုနှင့် နယ်မြေအစိတ်အပိုင်းတို့ကို စုစည်း၍ ပြည်ထောင်စုအဖြစ် တည်ထောင်ဖွဲ့စည်းထားရသော ပြည်ထောင်စု နိုင်ငံများ၌မူ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့၏ အရေးပါပုံမှာ ဆိုဖွယ်ရာမရှိပြီ။ ဆောင်းပါးအစတွင် တင်ပြခဲ့သည့် ကိန်းဂဏန်းတို့ကို လေ့လာပါက ကမ္ဘာပေါ်၌ ပြည်ထောင်စုနိုင်ငံပေါင်း(၃၄)နိုင်ငံခန့် စုစုပေါင်းဖြစ်တည်ခဲ့သည့်အနက် (၇)နိုင်ငံခန့်မှာ ပြည်ထောင်စုအဖြစ်မှ စုတိရွှေ့လျော့သွားခဲ့ကြရာ ငါးပုံတစ်ပုံခန့်မှာ ပြည်ထောင်စုအဖြစ် ကြာရှည်မရပ်တည်နိုင်ခဲ့ကြသည်ကို တွေ့ရ၏။

သို့သော်လည်း ပြည်ထောင်စုစနစ်၏ စုပေါင်းညီညွတ်မှုနှင့် မိမိတို့၏ ယဉ်ကျေးမှု အစဉ်အလာကွဲပြားမှုကို သဟဇာတဖြစ်စွာ ထိန်းသိမ်းပေးနိုင်သည့် အကျိုးတရားကို သိမြင်လာကြသည့် တစ်ပြည်ထောင်နိုင်ငံများကလည်း ပြည်ထောင်စုပုံစံကို တရားဝင်ခံယူလာခဲ့ကြသကဲ့သို့ ဗြိတိန်နိုင်ငံကဲ့သို့ တစ်ပြည်ထောင် အုပ်ချုပ်မှုစနစ်နှင့် ပြည်ထောင်စု အာဏာခွဲဝေပုံစနစ်ကို ပေါင်းစပ်ကာ မိမိအခြေအနေနှင့် ကိုက်ညီအောင် ကျင့်သုံးလာကြသည့် နိုင်ငံများလည်း ရှိနေသည်။ ဥရောပဒေသမှ အချုပ်အခြာအာဏာပိုင်နိုင်ငံများကိုယ်တိုင်ပင် ပြည်ထောင်စုစနစ်၏ စုပေါင်းညီညွတ်မှု စွမ်းအားကိုသိမြင်သောကြောင့် ၁၉၅၀ပြည့်လွန်နှစ်များမှစ၍ ဥရောပပြည်ထောင်စု(United States of Europe)ဖြစ်ပေါ်လာရေးကို ဦးတည်စုစည်း ကြိုးပမ်းခဲ့ကြရာ ဥရောပဘုံဈေးမှ ဥရောပဘုံအဖွဲ့၊ ၄င်းမှ ဥရောပသမဂ္ဂအဆင့်သို့တိုင် လှမ်းချီနိုင်ခဲ့လေပြီ။ ဥရောပနိုင်ငံများအတွင်း တစ်ခုတည်းသော စီးပွားရေးမူဝါဒ၊ တစ်ခုတည်းသော လယ်ယာစိုက်ပျိုးရေး မူဝါဒ၊ တစ်ခုတည်းသော ငွေကြေးစနစ်၊ တစ်ခုတည်းသော နိုင်ငံခြားရေး မူဝါဒတို့ကို စုပေါင်းချမှတ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

အရှေ့တောင်အာရှဒေသ၌လည်း အာဆီယံအသင်းဝင်နိုင်ငံများအကြား ပိုမိုနီးကပ် စည်းလုံးညီညွတ်စွာ လုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် အာဆီယံပဋိညာဉ်ကို စုပေါင်းပြုစုပြဋ္ဌာန်းနိုင်ခဲ့သည့်အပြင် လူမှုရေး၊ စီးပွားရေးကဏ္ဍပေါင်းစုံ၌ ပိုမိုစုစည်းဆောင်ရွက်မည့် AFTA စသော အစီအစဉ်ပေါင်းများစွာကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အာဆီယံ၏ စုစည်းညီညွတ်မှုစွမ်းအားကြောင့် အရှေ့မြောက်ဒေသမှ စီးပွားရေးအင်အားကြီးနိုင်ငံများသည်ပင် "အာဆီယံ(အပေါင်း)သုံး"အဖြစ် ပါဝင်လှုပ်ရှားလာခဲ့ကြသည်ကို တွေ့နိုင်သည်။

ယနေ့ကာလ ကမ္ဘာ့အခြေအနေများအရ နိုင်ငံနယ်နိမိတ်များကို ဖြတ်ကျော်၍ ရောက်ရှိလာသော သဘာဝနှင့် လူလုပ်ဘေးအန္တရာယ်များစွာက နိုင်ငံများကို ဝန်းရံခြိမ်းခြောက်လျက်ရှိသည်။ ထိုခြိမ်းခြောက်မှုအန္တရာယ်များကို ကာကွယ်တားဆီး ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတွင်း၌ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှုလိုအပ်သကဲ့သို့ အခြားနိုင်ငံများနှင့် ချစ်ခင်စည်းလုံးစွာ ပူးပေါင်းဆောင်ရွက်ရန်လည်း အခြေအနေ လိုအပ်လာလျက်ရှိသည်။

သို့ရာတွင် လက်တွေ့သာဓကများအရ အချင်းချင်းယုံကြည်မှု၊ အပြန်အလှန်ချစ်ခင်ရိုင်းပင်းမှုရှိကြသော လူ့အဖွဲ့အစည်းများသည်သာ စည်းလုံးညီညွတ်မှုတည်ဆောက်ကာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ကြသည်ကို တွေ့ရသည်။ ယုံကြည်မှုနှင့် ချစ်ခင်မှုဟူသည်မှာလည်း လက်တွေ့မပါသော အပြောသက်သက်မျှနှင့် တည်ဆောက်၍ရသည်မဟုတ်ပေ။ နိုင်ငံသားအားလုံး လူမျိုးဘာသာ၊ နေရာဒေသမရွေး တန်းတူညီမျှ အခွင့်အရေးရရှိမှု၊ ဥပဒေအရ တစ်ပြေးညီကာကွယ်ပေးနိုင်မှု၊ တူညီသော စီးပွားရေး၊ လူမှုရေး အခွင့်အလမ်းများ ရရှိနိုင်မှု၊ အချင်းချင်း နီးကပ်ရင်းနှီးစွာ ဆက်သွယ်ဆက်ဆံနိုင်မှု၊ အေးအတူပူအမျှ အတူတကွ ခံစား စံစားကြမှု၊ အပြန်အလှန် နားလည်စာနာ ထောက်ထားမှု၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့နှင့်ယှဉ်သော ကောင်းမြတ်သည့် စိတ်စေတနာဖြင့် ထိတွေ့ဆက်ဆံဆောင်ရွက်မှုများကို လက်တွေ့အလုပ်ဖြင့် သက်သေပြသွားကြရမည် ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည်ကား ရှေးပဝေသဏီကပင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ဥမကွဲသိုက်မပျက် စုပေါင်းနေထိုင် လာခဲ့ကြသော မိသားစုကြီးသဖွယ် ချစ်ခင်စည်းလုံးသည့် လူ့အဖွဲ့အစည်းကြီးဖြစ်သည်။ တစ်နည်းဆိုသော် သဘာဝအလျောက် နိုင်ငံဖြစ်တည်လာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ အေးအတူ ပူအမျှ ခံစား စံစားခဲ့ကြသည့် မွေးရပ်ပါ ပြည်ထောင်စုကြီးဖြစ်သည်။

မြန်မာနိုင်ငံသား တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် ခေတ်အဆက်ဆက် ပြည်ပရန်များကို တွန်းလှန်ခဲ့ရာ၌လည်း တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ခဲ့ကြသည်။ ပတ်ဝန်းကျင်နိုင်ငံများက ခံညားလေးစားရသည့် နိုင်ငံတော်ကြီးများ ထူထောင်ခဲ့ရာ၌လည်း တစည်းတလုံးတည်း ပါဝင်ခဲ့ကြသည်။

ကျွန်သပေါက်ဘဝ ရောက်ခဲ့ရစဉ်ကလည်း အမျိုးသား လွတ်မြောက်ရေးအတွက် စည်းလုံးညီညာစွာ တိုက်ပွဲဝင်ခဲ့ကြသည်။ နယ်ချဲ့တို့၏ သွေးခွဲမှုကြောင့်လည်းကောင်း၊ နယ်ချဲ့လက်အောက်တစ်လျှောက်လုံး ခွဲခြားအုပ်ချုပ်မှုကြောင့်လည်းကောင်း၊ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ထိတွေ့ဆက်ဆံမှု နည်းပါးခြင်း၊ လူမှုစီးပွားရေး အခြေအနေ ကွာဟခဲ့ရခြင်းတို့ကြောင့်လည်းကောင်း လွတ်လပ်ရေးရပြီးနောက်ပိုင်းမှစ၍ အထင်အမြင်လွဲမှားကာ လက်နက်စွဲကိုင် ဆန့်ကျင်ခဲ့မှုများမှာလည်း ယခုအခါစည်းလုံးညီညွတ်ခြင်း၏ အကျိုးတရားများကို သိမြင်ကာ အာဃာတများချုပ်ငြိမ်း၍ ငြိမ်းချမ်းရေးဖွံ့ဖြိုးရေးလမ်းပေါ်သို့ လက်တွဲလျှောက်လှမ်းနိုင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပူးပေါင်းကာ မေတ္တာသရုပ်ကို လက်တွေ့အလုပ်ဖြင့် သာဓကပြနိုင်ခဲ့ကြသည့်အတွက် နိုင်ငံတစ်ဝန်း လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဆည်မြောင်း၊ လျှပ်စစ်စသည်ဖြင့် ဖွံ့ဖြိုးမှုအခြေခံများကို ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ဤကား စည်းလုံးညီညွတ်မှု၏ အကျိုး၊ ချစ်ခြင်းတရား၏ အကျိုးပင် ဖြစ်တော့သည်။ ပြည်ထောင်စု၏ အနှစ်သာရဖြစ်သော ဤချစ်ခြင်းတရားနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုတို့ ခိုင်မာတည်တံ့နေသမျှ ကာလပတ်လုံး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း ကမ္ဘာ့အလယ်၌ အင်အားတောင့်တင်းခိုင်မာစွာ ထည်ထည်ဝါဝါ ရပ်တည်ဝင့်ကြွားနိုင်မည် ဖြစ်ပေတော့သည်။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အားနှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပင်လုံသွေးဖြင့် ရေးသော 'မြန်မာ'

✶ သမိုင်းရှိပေ၊ ဘိုးဘေးဆွေတို့
မြေပြန့်တောင်ပေါ်၊ လက်တွဲပျော်ကာ
စေ့ဆော်သွေးချင်း၊ ညီညွတ်ခြင်းဖြင့်
မင်းဆက်နိုင်ငံ၊ 'ပုဂံ' 'ကုန်းဘောင်'
'တောင်ငူ' 'မြင်စိုင်း'၊ 'စစ်ကိုင်း' 'ပင်းယ'
'အင်းဝ' 'ပဲခူး(ဗဂိုး)'၊ ကမ္ဘည်းထိုးလျက်
မြေမိုးသိမ့်သိမ့် တုန်ဖူးသည်။

✶ ကျွန်တွင်းမှလျှင်၊ ဓားလှံပြင်ရင်း
ပင်လုံသွေးက၊ ဓာတ်ပြု၍
ပြည်မပြည်နယ်၊ ပေါင်းစည်းသွယ်ကာ
နယ်ချဲ့ဖျက်ရန်၊ တွန်းတော်လှန်လျက်
အောင်လံမြူးလွင့် ဝင့်ဖူးသည်။

✶ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်
စောင့်ရှောက်ဖေးကူ၊ ချစ်ကြည်ဖြူစွာ
အေးတူပူမျှ၊ နေလာကြသည်
နှစ်လထောင်သောင်း၊ သမိုင်းကြောင်း၏
ကောင်းမွေသည်ဆု၊ 'ပြည်ထောင်စု'အား
တုနှိုင်းမဲ့ကင်း၊ မြတ်နိုးခြင်းလျှင်
ရင်တွင်းသန္ဓေ တည်ရစ်လေပြီ။

✶ နွားကွဲပေပြား၊ ကျားဆွဲသွားလိမ့်
ကျားစေဦးလဲ၊ ကောက်ကျစ်မြဲကို
ခွဲခြားသိနေ၊ ဒို့တစ်တွေလျှင်
တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား
တစ်စီးပွားတည်း ဘယ်မခွဲတည့်။

✶ ပေါင်းစည်းခြင်း၏၊ အားကိုသိ၍
ညီဘိမိဋ္ဌာန်၊ သစ္စာနှံလျက်
ဒို့ဝန်ဒို့ထမ်း၊ ဒို့လမ်းဒို့ချီ
ဒို့ပြည်ဒို့မြှင့်၊ ဒို့ခွင့်ဒို့ပိုင်
ဒို့နိုင်ငံရေး၊ ဒို့အရေးဝယ်
သွေးခွဲဖောက်ပြန်၊ အကောက်ကြံ၍
နိုင်ငံဂုဏ်ညှိုး၊ ဦးငိုက်ကျိုးအောင်
ရိုက်ချိုးစော်ကား၊ လာထိပါးမူ
ဖြူလား မည်းလား၊ မစဉ်းစားပြီ
ဒို့ဓားလည်းထက်၊ ဒို့လက်လည်းညီ
ဒို့သွေးနီမောင်း၊ ရဲရင့်ကြောင်းကို
ကောင်းကောင်းသိစေ ပြလိုက်ပေအံ့။

✶ ကမ္ဘာပျက်စေ၊ ချေဖျက်မခံ
ကမ္ဘာသုဉ်းစေ၊ ချေမှုန်းမခံ
နိုင်ငံလူမျိုး၊ မော်ကွန်းထိုးစို့
ဆတိုးပေါင်းစည်း၊ သွေးချင်းနီးလျက်
ခရီးရှေ့ဆက်၊ ညီညီတက်အံ့
နက်ဖြန်အရဏ်၊ မြန်မာ့ဂုဏ်သည်
ပင်လုံသွေးဖြင့် တင့်စေသတည်း။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက်-

ဇော်မင်းမင်းဦး

ပြည်ထောင်စုပုံစံအမျိုးမျိုး၊ ဖွဲ့စည်းပုံအမျိုးမျိုး၊ အာဏာခွဲဝေပုံ အမျိုးမျိုးသာမက သက်ဆိုင်ရာ နိုင်ငံများအလိုက် အုပ်ချုပ်ပုံစနစ် အမျိုးမျိုးလည်း ကွဲပြားလျက်ရှိရာ မည်သည့် ပြည်ထောင်စုပုံစံမျိုးသည်သာ ပြည်ထောင်စုစစ်စစ်ဟု အပ်ကျမပ်ကျဆိုနိုင်ဖွယ်မရှိချေ။ စင်စစ်၌ မိမိနိုင်ငံ၏ ဖြစ်တည်ပုံသမိုင်းကြောင်း၊ ရေမြေ အနေအထား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ တန်ဖိုးစံနှုန်းများနှင့် အခြားလူမှု စီးပွားရေးအခြေအနေများ၊ နိုင်ငံရေးစနစ်များအပေါ်၌ မူတည်၍သာလျှင် မိမိတို့နိုင်ငံနှင့် အသင့်လျော်ဆုံးဟု ယူဆရသည့် ဖွဲ့စည်းပုံစနစ်များကို ရွေးချယ်သတ်မှတ်ရခြင်းဖြစ်၏။

ဒေသတွင်း ပညာရေးအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းပြီး လက်လှမ်းတမီ ဆည်းပူးနိုင်ရန် ဖွင့်လှစ်ပေးခဲ့သည့် ကွန်ပျူတာတက္ကသိုလ် (ဘားအံ)။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁။	စိုက်ပျိုးမြေ	ဧက	၄၇၀၈၃၉	၉၈၆၃၄၈	၅၁၅၅၀၉
၂။	ဆည်တမံ	ခု	-	၁	၁
၃။	မြစ်ရေတင်လုပ်ငန်း	ခု	-	၅	၅
၄။	ကြိုးဝိုင်းတော	စတုရန်းမိုင်	၁၆၃၃.၃၂	၁၇၅၂.၃၂	၁၁၉
၅။	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၇၃၃.၄၆	၁၇၃၃.၄၆
၆။	ကားလမ်း	မိုင်	၅၅၄	၁၄၄၅.၁	၈၉၁.၁
၇။	ပေ(၁၈၀)အထက်တံတား	စင်း	၈	၁၄	၆
၈။	စာတိုက်စခန်း	ခု	၂၇	၃၄	၇
၉။	ကြေးနန်းရုံး	ရုံး	၇	၁၃	၆
၁၀။	တယ်လီဖုန်းရုံး	ရုံး	၅	၂၄	၁၉
၁၁။	မိုက္ကရိုဝေ့ဗ်စခန်း	ခု	၁	၄	၃
၁၂။	နိုင်ငံပိုင်စက်ရုံ	ရုံ	၆	၇	၁
၁၃။	ပုဂ္ဂလိကစက်ရုံ	ရုံ	၄၀၉	၅၂၄	၁၁၅
၁၄။	အခြေခံပညာကျောင်း	ကျောင်း	၁၁၄၉	၁၂၆၉	၁၂၀
၁၅။	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၆။	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၇။	ဆေးရုံ	ရုံ	၁၇	၂၆	၉

ဒေသခံတိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် ဖောက်လုပ်ထားသည့် ၃၄ မိုင် အရှည်ရှိ (မြိုင်ကြီးငူ-ဘားအံ) သစ္စာလမ်းမကြီးကို ဝေဟင်မှ ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြု

ကရင်ပြည်နယ် ဘားအံမြို့အရှေ့ဘက် ဂျိုင်းကျေးရွာအနီး ဂျိုင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ဂျိုင်း(ကော့ကရိတ်)တံတား။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

11-2 (10).pmd 1 2/11/2009, 2:46 AM

မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲဖွင့်ပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၁၇)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မှူးကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ၊ သုတေသီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က နိုင်ငံတော်နှင့် တပ်မတော်၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို မြှင့်တင်ဆောင်ရွက်သွားကြရေးအပါအဝင် လိုအပ်သည်များကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် စစ်ရေးချုပ်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော သုတေသနပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်သည် (၁၇)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြပွဲကို တက်ရောက်ပြီး ပြပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်သည် ဧည့်သည်တော်များနှင့်အတူ ဆေးနှင့်ဆေးပစ္စည်းပြပွဲ၌ ခင်းကျင်းပြသထားသောဆေးဝါးများ၊ အဆင့်မြင့်ရောဂါရှာဖွေရေး ကိရိယာများ၊ အခြားဆေးရုံသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက်(၁၇)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို မွန်းလွဲပိုင်းတွင် ကျင်းပရာ စာတမ်းရှင်များက ဘာသာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး နီးနှောဖလှယ်ပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ နီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နီးနှောဖလှယ်ပွဲတွင် သုတေသန စာတမ်းပေါင်း ၁၆စောင်၊ သုတေသနပိုစတာ ၁၁ခု၊ Symposium နှစ်ခုနှင့် Academic Talk သုံးခုတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် (၁၇)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၊ ဆေးနှင့်ဆေးပစ္စည်းပြပွဲတွင် ခင်းကျင်းပြသထားသော ဆေးဝါးများ၊ အဆင့်မြင့်ရောဂါရှာဖွေရေးကိရိယာများ၊ အခြားဆေးရုံသုံးပစ္စည်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၂-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။ အတီးပြိုင်ပွဲ
၈:၀၅	၆။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၇။ International News
၈:၄၅	၈။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။ အကပြိုင်ပွဲ
၄:၂၀	၃။ **အမျိုးနှင့်မျိုး** နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ရော၊ ဝင်းနိုင်(အနုပညာ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄:၄၅	၄။ သီချင်းကြီးပဒေသာ
၄:၅၀	၅။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၀၀	၆။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်) (အပိုင်း-က)
၅:၁၅	၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀	၈။ တေးဂီတအစီအစဉ်
၅:၃၅	၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၀	၁၀။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၅၀	၁၁။ ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ ''အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု''
၆:၀၀	၁၂။ ညနေခင်းသတင်း
၆:၃၀	၁၃။ မိုးလေဝသအခြေအနေ
၆:၃၅	၁၄။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆:၅၀	၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၂၀	၁၆။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၈:၀၀	၁၇။ ပြည်တွင်းသတင်း
	၁၈။ နိုင်ငံတကာသတင်းများ
	၁၉။ မိုးလေဝသအခြေအနေ
	၂၀။ မြန်မာရုပ်ရှင် **နေခြည်ဖြာမှ နွေးသောကြောင့်** အောင်လွင်၊ နွဲ့နွဲ့မူ (ဒါရိုက်တာ-စံရွှေမောင်)
	၂၁။ အစီအစဉ်ပြီး၏။

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများ လမ်းညွှန်ဆောင်းပါးပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

''ဒီအချိန်ဟာ စိတ်လှုပ်ရှားနေရမယ့် အချိန်မဟုတ်တော့ပါ''တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်ကျောင်းသူ၊ ကျောင်းသားများအတွက် ဆရာဝန်များ၊ စိတ်ပညာ ပါမောက္ခများ၊ ဆရာ၊ ဆရာမကြီးများ၏ အကြံပေးလမ်းညွှန်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၇)ထွက်ရှိလာသည်။

ထို့အပြင် ကုလသမဂ္ဂသတ်မှတ်သည့် လူ့ပတ်ဝန်းကျင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် မြန်မာအကောင်အထည်ဖော်မည်၊ နိုင်ငံတကာနှင့် ချိတ်ဆက်ကုန်သွယ်မှုပြုနိုင်မည့် ထားဝယ်ဆိပ်ကမ်း ဘူတာသစ်တည်ဆောက်၊ လားရှိုးမြို့အား မြန်မာနိုင်ငံ၏ ဒုတိယမြောက် ပန်းမြို့တော်အဖြစ် တည်ထောင်မည်၊ ကမ္ဘာ့ရှားပါးစာရင်းဝင် ငှက်မျိုးများကို သုတေသနပြု၊ ဂျပန်နှင့်တရုတ် နည်းပညာသုံး ပြည်တွင်းထုတ် DGH ဓာတ်ခဲများဖြန့်မည်၊ မြန်မာ့စဉ့်ထည်များ ပြည်ပဈေးကွက်ရရှိလာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ''ကြိုတင်ပြင်ဆင်ခြင်း''အကြောင်း၊ ''အပျိုကြီးမကော်နှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာလေးတွေ''ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

နိုင်ငံတကာသတင်း အသံလွှင့်ကွန်ရက်ပေါ်သို့ NHK က၂၄ နာရီ အင်္ဂလိပ်ဘာသာ အစီအစဉ်လွှင့်တင်၊ ၂၀၁၀တွင် အာရှစီးပွားရေး နာလန်ပြန်ထူမည်၊ နှစ်ပေါင်း ၂၅၀ကျော်ကြာ ပင်လယ်တွင်းနစ်မြုပ်နေသော အကြီးဆုံးဗြိတိသျှ ရွက်လှေ တစ်စင်းတွေ့ရှိ၊ အင်ဒိုနီးရှားတွင် တရားမဝင်မယားပြိုင်လက်ထပ်မှုများကို တားမြစ်ပိတ်ပင်ရန်စီစဉ်နေ၊ စင်ကာပူတွင် နိုင်ငံခြားသားလုပ်သားများ တစ်စတစ်စ လျော့ပါး၊အိုဘားမား၏ ညီဝမ်းကွဲတော်စပ်သူ ဆေးခြောက်လက်ဝယ် ပိုင်ဆိုင်မှုဖြင့် ဖမ်းဆီးခံရ၊ အမျိုးသမီးများကိုယ်အလေးချိန်ကျလိုပါသလား စိတ်အေးလက်အေး အပန်းဖြေပါ''ခင်ပွန်းဖြစ်သူက ဇနီးသည်အား သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် သူ့ကိုယ်သူ သတ်သေမှုဖြစ်ပွား''မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ''ပြောရဦးမယ် သူတို့က ဒီလိုတဲ့''ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

NLD ဌာနချုပ်သို့ ဇန်နဝါရီလအတွင်း အမေရိကန်သံရုံးနှင့်ဗြိတိန်သံရုံးတို့က (၂၈)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ် ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း (၂၈)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD,CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမ်ဘီအေတွဲ့ရမျာ်း၏ ပြန်လည်ဆုံစည်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အမ်ဘီအေသင်တန်းစတင်ခဲ့သည့် ၁၉၈၅ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း နေ့သင်တန်းနှင့် ညနေသင်တန်းအသီးသီးမှ အမ်ဘီအေတွဲ့ရရှိခဲ့သူများ၏ပြန်လည်ဆုံစည်းခြင်းအထိမ်းအမှတ် စုံညီမိတ်ဆုံညစာစားပွဲကို လာမည့် ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထီရမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၅ရက်၌လည်း အမ်ဘီအေတွဲ့ရများ ဂေါက်ရိုက်ပြိုင်ပွဲကို ဒဂုံဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ရာ နှစ်အသီးသီး၊ အတန်းအသီးသီးမှ ပါဝင်ယှဉ်ပြိုင်လိုသော မိတ်ဆွေသူငယ်ချင်းများ ကြိုတင်စာရင်းပေးကြပါရန်လည်း ပြိုင်ပွဲကျင်းပရေးကော်မတီကနှိုးဆော်ထားသည်။ မိတ်ဆုံစားပွဲတက်ရောက်လိုသူများအနေဖြင့် ကိုရေချမ်း ဖုန်း-၀၉-၅၁-၅၁၅၀၀၊ ကိုသက်လွင်ရွှေ ဖုန်း-၀၉-၉၉-၂၈၃၁၀၊ ကိုတင်မောင်ဦး ဖုန်း-၀၉-၅၀-၁၇၅၃၁၊ ၀၉-၅၀-၄၁၁၆၁၊ ကိုမင်းခင် ဖုန်း-၀၉-၈၀-၂၁၆၉၅၊ ကိုမိုးသဲ ဖုန်း-၀၉-၅၁-၈၉၈၈၀၊ ကိုမင်းဦး ဖုန်း-၀၉-၅၀-၀၇၁၆၆၊ ကိုအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀-၂၀၀၇၉နှင့် ကိုမောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မူးယစ်ကင်းစင် အလှဆင်

တက္ကသိုလ်များ သမိုင်းကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနေရာ ပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၁၉၆၄-၁၉၆၅မှ ၂၀၀၇-၂၀၀၈ခုနှစ်တက္ကသိုလ်များ သမိုင်းကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် မူလက တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရန် စီစဉ်ထားရာမှ ကမ္ဘာအေးဘုရားလမ်း ရွှေဂုံတိုင်ရှိ Excel Treasure Hotel၊10th Floor ၌ နံနက်၉နာရီတွင် ပြောင်းရွှေ့ကျင်းပမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အီရန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၁၁ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာနူချာမိုတာကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၁၂ရက်တွင် ကျင်းပမည့် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ထိုနေ့နံနက်၆နာရီ ၄၅မိနစ်မှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော်မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်/မန္တလေးဈေးသဘော်ထွက်ခွာမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေး ဈေးသဘော်ခေါက်ရေ (၁)''မြဧရာ''ရေယာဉ်သည် ဖေဖော်ဝါရီ၁၉ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ ဝါးတန်း အမှတ်(၂)ဆိပ်ခံတံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉၊ ၂၉၂၃၁၉ တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

ဆက်သွယ်ဆောင်ရွက်နိုင်

နယ်မြို့များမှတင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့တို့တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

ညအပူချိန် လွိုင်လင်တွင် သုညဒီဂရီစင်တီဂရိတ်နှင့် ဟားခါး၌ ၂ ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဖေဖော်ဝါရီ ၁၁ ရက်(ယနေ့)ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ၁၁ရက် **(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ ရက်က ဖြစ်ပေါ်ခဲ့သောရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့နှင့် အမ်းမြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် ရတနာပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဇန်နဝါရီလ ၁၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ရင်ငွေ့လှုံ ကိန်းဝပ်ပူဇော်ခံပြီး ဖြစ်ပါသည်။

အလားတူ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ စတင်၍ မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၌ ရင်ငွေ့လှုံ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

ပူဇော်လှူဒါန်းလိုသူ အလှူရှင်များသည် မန္တလေးမြို့၌ ရင်ငွေ့လှုံကိန်းဝပ် ပူဇော်ခံနေစဉ် ထည့်သွင်းပူဇော်လိုသော ရတနာပစ္စည်းများကို အဆိုပါနေရာဌာနရှိ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီအဖွဲ့ဝင်များထံ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံထားရှိသည့်အချိန်တွင် ပန်းထိမ်အဖွဲ့များပါ တစ်ပါတည်းထားရှိပေးမည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်လိုသည့် ပစ္စည်းများအား လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အမှုဆောင်ပါမောက္ခချုပ်ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော 'Financial Instruments: Presentation, Recognition and Measurement' ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Yuzana Hotel၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်သူများသည် CPEနာရီအတွက် ထောက်ခံချက်ရရှိမည် ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဖေဖော်ဝါရီ ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့ စာရင်းကိုင်များအသင်း ရုံးခန်းအမှတ် ၁/ ၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ် ရုံးသင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက် ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၉ မြန်မာအင်ဖိုတက်ခ်တွင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာသတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက်က ကြီးမှူး၍သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာပြပွဲ၂၀၀၉ (ရန်ကုန်) ICT Exhibition 2009(Yangon) ကို ဖေဖော်ဝါရီ ၁၂ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ဝင်းအတွင်း နေ့စဉ် နံနက်၉နာရီမှ ညနေ ၅နာရီအထိ ပြသမည်ဖြစ်သည်။

ပြပွဲလာသူများ သွားလာရေးအဆင်ပြေစေရန် ပြည်လမ်းရှိ ကျောင်းကွေ့မှတ်တိုင်နှင့် အင်းစိန်လမ်းရှိ သမိုင်းလမ်းဆုံ မှတ်တိုင်များတွင် ကြိုပို့ယာဉ်များကို စီစဉ်ထားပြီး အခမဲ့စီးနိုင်သည်။

ယင်းပြပွဲတွင် ကုမ္ပဏီပေါင်း ၅၀ခန့်က ပြခန်းပေါင်း ၁၂၀ကျော်ဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆော့ဖ်ဝဲများ၊ ကွန်ပျူတာနည်းပညာရပ်ဆိုင်ရာ သင်တန်းကျောင်းဆိုင်ရာများနှင့် စာအုပ်စာတန်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည့်အပြင် Dota, Counter Strike စသည့် Game ပြိုင်ပွဲများကိုလည်းကျင်းပသွားမည်ဖြစ်ကြောင်း စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(ကြာသပတေးနေ့- နံနက်+နေ့လယ်+ည)

(၁၂-၂-၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+ နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း ကြေညာချက်
၀၇:၁၅ တရားတော် **ပုဗ္ဗဏှသုတ်** ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၈:၃၀ လောကနီတိအသိရှိစေဖို့ (မာန်မာန)
၀၉:၀၀ ပြည်ထောင်စုနေ့ ဆွေးနွေးခန်း (ဇော်ဝင်းထွဋ်)
၀၉:၂၀ ဆောင်းပါး (အစဉ်မမေ့ပြည်ထောင်စုနေ့)
၀၉:၃၀ တေးပဒေသာ
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဆုန်သင်းပါ)
၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ (လူနေမှုတိုးတက်ရေးဖြစ်စဉ် သမိုင်းကြောင်း အပိုင်း-၂)
၁၁:၄၅ တေးသီချင်း
၁၂:၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (တိုင်းရင်းသားရိုးရာအဆိုအက တေးဂီတများ)
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (အခါတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ)
၁၆:၃၀ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ)
၁၇:၀၀ အလုပ်အကိုင်အခွင့်အလမ်း (စီးပွား/ကူးသန်း)
၁၇:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (မေမေ့အားမာန်)
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ ညနေခင်းတေးပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ငရုတ်ကောင်းအသုံး မဆုံးဘယ်ခါ)
၁၈:၄၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၃၀ သုတစုံစွာသိမှတ်စရာ (အနုပညာ)
၁၉:၄၀ ဆိုင်းအဖွဲ့ (နိုင်ငံတော်ဆိုင်းအဖွဲ့) ရေဒီယိုအတိတ်တေးအရိပ်
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ ညချမ်းချိန်ခါ တေးပဒေသာ ဆောင်းပါး (လူနှင့်လောကဓံ)
၂၁:၀၀ စီးပွားရေးဦးတည်ချက် (ခံစားနားဆင်မြန်မာတေးသံစဉ်)
၂၁:၁၀ လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် အင်္ဂလိပ်စာ (Debate) ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသားလေးဦးနှင့် ကျောင်းသူနှစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကိုယ်စား နည်းပညာသင်တန်း (B.Tech) ဒုတိယနှစ်(စက်မှုအင်ဂျင်နီယာ)ကျောင်းသူ မစဝ်မြတ်မာလာက ကျောင်းဆောင်သစ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ကယားပြည်နယ်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို အင်္ဂလိပ်ဘာသာဖြင့်ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Computer Room၊ Language Lab၊Drawing Room၊e-Library နှင့် သုတေသနပြခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယနေ့ ဖွင့်လှစ်သည့် ပင်မသုံးထပ် ကျောင်းဆောင်သစ်ကြီးကို ထူးဆောက်လုပ်ရေး ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်က တာဝန်ယူပြီး ၂၀၀၅ခုနှစ် အောက်တိုဘာ၂၃ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကျောင်းပရဝုဏ် အကျယ်အဝန်းသည် ဧရိယာ ၈၆ ဒသမ ၀၃ ဧကရှိသည်။ အလျားပေ ၁၇၀၀၊ အကျယ်ပေ ၆၀ခန့်ရှိလမ်းကို နည်းပညာတက္ကသိုလ်၏ အဓိပတိလမ်းမကြီးအဖြစ် ပင်မကျောင်းဆောင်ကြီး၏ ဗဟိုတည့်တည့်၌ ဖောက်လုပ်ပေးထားသည်။

ပင်မကျောင်းဆောင်သစ်ကြီး

ပင်မကျောင်းဆောင်သစ်ကြီးသည် သံကူကွန်ကရစ် အမျိုးအစား သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး အလျား ၅၁၃ ပေ၊ အနံ ၂၄၂ ပေနှင့် အမြင့် ၆၆ ပေရှိသည်။အလယ်ဗဟို ဒုတိယထပ်တွင် ဘွဲ့နှင်းသဘင်ခန်းမကြီးတစ်ခုကို ထည့်သွင်း တည်ဆောက်ထားပြီး စာသင်ခန်းပေါင်း ၃၈ခန်း ပါဝင်၍ ကျောင်းသား ကျောင်းသူ ၃၀၀၀ ကို ပညာသင်ကြားပေးနိုင်မည်ဖြစ်သည်။

နည်းပညာတက္ကသိုလ်(လွိုင်ကော်)၌ လက်ရှိ ဖွင့်လှစ်သင်ကြားနေလျက်ရှိသည့် သင်တန်းများမှာ မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာသင်တန်း၊ စက်မှုစွမ်းအားအင်ဂျင်နီယာသင်တန်း၊ စီအန်စီသင်တန်းနှင့် အီလက်ထရွန်နစ် အင်ဂျင်နီယာသင်တန်းတို့ ဖြစ်ကြသည်။

တက်ရောက်သင်ကြား

၂၀၀၉ခု ပညာသင်နှစ်တွင် အေဂျီတီအိုင်ဒီပလိုမာသင်တန်း ကျောင်းသားကျောင်းသူ ၂၄၅ဦး၊ နည်းပညာဘွဲ့သင်တန်း ကျောင်းသားကျောင်းသူ ၈၃ဦး၊ အင်ဂျီနီယာဘွဲ့သင်တန်း ကျောင်းသား ကျောင်းသူ ၄၁ဦး အပါအဝင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၆၉ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

နည်းပညာတက္ကသိုလ်(လွိုင်ကော်)မှ အင်ဂျင်နီယာဘွဲ့ ၈၂ဦး၊ နည်းပညာဘွဲ့ ၁၅၂ဦး၊ အေဂျီတီအိုင် ဒီပလိုမာရရှိသူ ၄၉၂ဦး၊ အီးဂျီတီအိုင် ဒီပလိုမာရရှိသူ ၁၁၃ဦးနှင့် အခြေခံကျွမ်းကျင်မှုသင်တန်းသား ၆၆၀ တို့အပါအဝင် လူ့စွမ်းအားအရင်းအမြစ် စုစုပေါင်း ၁၄၉၉ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

Bravia LCD TV မိတ်ဆက်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

TMW Enterprise Ltd.မှ Sony ၏ နည်းပညာသစ်များဖြင့် တီထွင်ထုတ်လုပ်ထားသော Bravia LCD TV များ မိတ်ဆက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

မိတ်ဆက်ဖွင့်လှစ်

ရှေးဦးစွာ TMW Enterprise Ltd.မှ Managing Dire- ctor ဦးဝေလွင်က နှုတ်ခွန်းဆက် စကားပြောကြားပြီး ကမ္ဘာ့ပထမဆုံးနည်းပညာMotion Flow 200Hz ပါဝင်သော Sony Bravia New Zseries ကို ဦးဝေလွင်နှင့် Sony Singapore မှ Mr. Spencer တို့က မိတ်ဆက်ဖွင့်လှစ်ပေးသည်။

Bravia LCD Series များတွင် Bravia Z450A ,Bravia X450A နှင့် Bravia T Series များကိုလည်း တင်ဆက်ပြသထားသည်။

ကြည်လင်ပြတ်သား

ကမ္ဘာ့ပထမဆုံး နည်းပညာဖြစ်သော 200 Frames per Second Motion Flow နည်းပညာကို အသုံးပြုထားသဖြင့် TV ဖန်သားပြင်ပေါ်တွင် လျင်မြန်စွာ လှုပ်ရှားပြောင်းလဲနေသော ဘောလုံးအားကစား အစီအစဉ်များ၊ စိတ်လှုပ်ရှားဖွယ် ရုပ်ရှင်များနှင့် ကလေးငယ်များအကြိုက် ကာတွန်းဇာတ်လမ်းတွဲများမှ ပုံရိပ်များကို ကြည်လင်ပြတ်သားစွာတွေ့မြင်ခံစားနိုင်မည်ဖြစ်သည်။

ထို့ပြင် 10-bit LCD panel နှင့် Live Colour Creation Technology တို့ကို အသုံးပြုထားသဖြင့် သဘာဝအတိုင်း စိတ်လှုပ်ရှားဖွယ်ကောင်းသော အရောင်များကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ရုပ်ပုံများကို အလိုအလျောက် ထိန်းညှိပေးနိုင်သော Intelligent Picture နည်းပညာများကိုလည်း ထည့်သွင်းအသုံးပြုထားသည်။

တီထွင်ဆန်းသစ်

အလားတူ အသစ်တီထွင်ထုတ် လုပ်ထားသော Bravia X450A Series တွင် ဆွဲဆောင်မှုအားကောင်းပြီး မိမိအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်သော TV Color အရောင်များကိုတွေ့မြင်နိုင်ကာ Elegant and Slim ဒီဇိုင်းများကလည်း ဧည့်ခန်းဆောင်အတွင်း တင့်တယ်နေမည်ဖြစ်သည်။ အနုပညာလက်ရာမြောက် အိမ်တွင်းအလှဆင်ပစ္စည်းအဖြစ်လည်း X450A ၏ Picture Frame Mode များကို တီထွင်ဆန်းသစ်သွား မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ Sony တရားဝင် ကိုယ်စားလှယ် TMW Enterprise Ltd. ၏ အရောင်းပြခန်းများနှင့် အသိအမှတ်ပြု ကိုယ်စားလှယ်ဆိုင်ကြီးများတွင် 52",46", 40" sizes,Bravia Z450A Series များကိုလည်းကောင်း၊ 46", 40" sizes, Bravia X450A Series များကိုလည်းကောင်း၊ 32", 19" sizes, Bravia T Series များကိုလည်းကောင်း အသိအမှတ်ပြု ယုံကြည်စိတ်ချရသော Warranty Card များဖြင့် ဝယ်ယူနိုင်ပြီဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

အထူးဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်သောနေရာများမှာ Sony Showroom အမှတ် 90, A/B ကမ္ဘာအေးဘုရားလမ်း ဖုန်း-၅၄၆၀၀၂၊ ၅၄၆၀၀၃၊ ၅၄၆၀၀၄၊ အမှတ် 173/175 ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၅၀၅၉၆၊ ၂၅၀၅၉၇နှင့် အမှတ် 20,A/B ယောမင်းကြီးလမ်း ဒဂုံမြို့နယ် ဖုန်း-၂၄၅၃၁၁တို့သို့ ဆက်သွယ် စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ယှဉ်ပြိုင်ရာ စီးပွား/ကူးသန်းအသင်း အနိုင်ရသွားပြီး ပို့ဆောင်ရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ သရေပွဲဖြစ်သွားသည်။

အောင်ဆန်းကွင်း

စီးပွား/ကူးသန်း-လေးဂိုး မြန်မာ့မီးရထား-ဂိုးမရှိ

သုဝဏ္ဏကွင်း

ပို့ဆောင်ရေးအသင်း -သုံးဂိုး ကာကွယ်ရေးဝန်ကြီးဌာနအသင်း-သုံးဂိုး

ယနေ့ပွဲ

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်း-ဆက်သွယ်ရေး

သုဝဏ္ဏကွင်း

သစ်တောရေးရာ-ကမ္ဘောဇ

(မြန်မာ့အလင်း)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဘားအံ၌ ကျင်းပ

ဘားအံ ဇန်နဝါရီ ၂၂

ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၆နာရီခွဲက ဘားအံမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေး ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)**တက်ရောက်လာသည့် ကလေးငယ်များအား ကာကွယ်ဆေးများ တိုက်ကျွေးသည်။

ဆေးတိုက်ကျွေး

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ကလေးငယ်များအား ကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကန့်ဘလူအထက နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်

ကန့်ဘလူ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပသည်။

ရေဦးစွာမြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဟင်နရီက အခမ်းအနားကျင်းပရခြင်းကိုလည်းကောင်း၊ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေမြင့်က မိဘဆရာအသင်းလုပ်ငန်းနှင့် ပညာရည်ချွန်ဆုပေးခြင်းကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဆရာဦးသန်းမောင် (ငြိမ်း)က အသင်းလုပ်ငန်းများကို လည်းကောင်း၊ အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ငွေစာရင်းနှင့် စာရင်းစစ်ဆေးချက် အစီရင်ခံစာများကို ကျောင်းအကျိုးတော်ဆောင် ကော်မတီများကလည်းကောင်း ပြောကြားဆွေးနွေးကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက ၂၀၀၈ ခုနှစ် ငါးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း၊ မြို့နယ်ပညာရေးမှူးက နှစ်ဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးက အထက်တန်းဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ဘက်စုံထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယဆုများကိုလည်းကောင်း၊ တာဝန်ရှိသူများက စာစီစာကုံးဆု၊ အားကစားထူးချွန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ ၃၀ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဂင်္ဂလာဈေး မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကျော်လှ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၇၆)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပန်းအလှပင်စိုက်ပျိုး

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နည်းပညာတက္ကသိုလ် အဝင်လမ်း လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဒီဇင်ဘာ ၁၈ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆိုင်ကယ်တစ်စီး လိုက်လံရောင်းချနေသော လူငယ်တစ်ဦးအား မသင်္ကာ၍ စစ်ဆေးမေးမြန်းရာမှ ဆိုင်ကယ်ခိုးမှုပေါ် သိမ်းဆည်းရမိ ဆိုင်ကယ်များအား ပိုင်ရှင်ထံပြန်လည်ပေးအပ်

ကျိုင်းတုံ ဖေဖော်ဝါရီ ၂

ကျိုင်းတုံရဲစခန်းမှ စခန်းမှူးရဲအုပ်သန်းထွန်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက ရဲစခန်းတွင် တာဝန်ဆောင်ရွက်နေစဉ် ကျိုင်းတုံမြို့ ရပ်ကွက် ၄ မိုင်းခတ်/မိုင်းယန်းလမ်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် မသင်္ကာဖွယ်ရာလူငယ်တစ်ဦးက DT အပြာရောင် ဆိုင်ကယ်တစ်စီးကို လိုက်လံရောင်းချနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ကျိုင်းတုံမြို့ ရပ်ကွက် ၁၊ လအလယ်ရွာ ဆွန်ဆပ်ကုန်းနေ ဇော်လတ်အား YAMAHA LANZA ဆိုင်ကယ်အပြာရောင် တစ်စီးနှင့်အတူ တွေ့ရှိရပြီး ဆိုင်ကယ်အား ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိ၍ သက်သေများရှေ့တွင် ၎င်းဆိုင်ကယ်အား ဇော်လတ်ထံမှ သိမ်းဆည်းပြီး ကျိုင်းတုံရဲစခန်း (ပ)၂၀၂/၂၀၀၈ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀/၅၄ အရ အမှုဖွင့်အရေးယူခဲ့သည်။

စစ်ဆေးပေါ်ပေါက်

အမှုမှ တရားခံဇော်လတ်အား စစ်ဆေးရာ ၎င်းထံမှ သိမ်းဆည်းရမိသော YAMAHA LANZA ဆိုင်ကယ်သည် ဝမ်တုံရွာနေ ဝေလင်းထွန်းနှင့် စိုင်းရဲအောင် (ခ)ကုလားတို့က ပေးလိုက်သည့်ဆိုင်ကယ်ဖြစ်ကြောင်း ထွက်ဆိုချက်အရ ဝေလင်းထွန်းနှင့် စိုင်းရဲအောင်(ခ)ကုလားတို့အား လိုက်လံဖမ်းဆီးရာ ၎င်းတို့နှစ်ဦးနှင့်အတူ DT ဖြူနီကြား ဆိုင်ကယ်တစ်စီးနှင့်အတူ မိုင်းခတ်/မိုင်းယန်းလမ်း၌ တွေ့ရှိရ၍ ဖမ်းဆီးခဲ့ပြီး စစ်ဆေးဖော်ထုတ်ခဲ့ရာ သိမ်းဆည်းရမိသော YAMAHA LANZA နှင့် DT ဖြူနီကြားဆိုင်ကယ်တို့သည် မိုင်းလားမြို့တွင်းမှ ခိုးယူလာသော ဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ပိုင်ရှင်အား စုံစမ်းဖော်ထုတ်ခဲ့ရာ YAMAHA LANZA ဆိုင်ကယ်မှာ မိုင်းလားမြို့ ဝမ်မိုင်နဂါးရပ်ကွက်နေ အထူးဒေသ(၄)ရုံးမှ ရုံးအရာရှိ ဦးမင်းသိန်း၏ဆိုင်ကယ်ဖြစ်ကြောင်းနှင့် DT ဖြူနီကြား ဆိုင်ကယ်မှာ MALTESER PROJECT မှ ဌာနပိုင် ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပြန်လည်ပေးအပ်

အမှုမှသိမ်းဆည်းရမိသော သက်သေခံဆိုင်ကယ်နှစ်စီးကို ဒီဇင်ဘာ ၃၁ရက်တွင် တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့က ပိုင်ရှင်များထံ ပြန်လည်ပေးအပ်သည်။**(အောက်ပုံ)**

အမှုမှ တရားခံသုံးဦးအား ပြစ်ဒဏ်ချမှတ်နိုင်ရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပလက်ဝမြို့၌ စာအုပ်များပေးအပ်လှူဒါန်း

ပလက်ဝ ဇန်နဝါရီ ၂၅

ပလက်ဝမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ၃၀ရက် နံနက် ၁၁ နာရီက ကီမိုခန်းမ၌ စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ရဲအုပ်ကိုကိုကြီးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ဦးက စာအုပ်လှူဒါန်းပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲတွင် တာဝန်ရှိသူများက စေတနာရှင်၊ အလှူရှင်များထံမှ လှူဒါန်းသော သုတ ရသစာအုပ်များ၊ မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံ စုစုပေါင်း ၁၆၆၇အုပ်ကို လက်ခံရရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ် ကျိုက္ကမီမြို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းလှေများ၏ ငါး၊ ပုစွန်ဖမ်းဆီးထုတ်လုပ်မှု အခြေအနေကို ဇန်နဝါရီ ၂ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်နှင့်ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။ (ငါးဦးစီး)

ချောင်းဆုံ၌ ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ပြည့်စုံရေး ဆွေးနွေး

ချောင်းဆုံ ဇန်နဝါရီ ၃၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး၊ စံ(၅)ရပ်နှင့် ပြည့်စုံရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကျေးရွာများတွင်(ကိုယ်ပိုင်) စာကြည့်တိုက် အဆောက်အအုံဖြစ်ပေါ်ရေးနှင့် မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် ငွေ၊ ပရိဘောဂ၊ စာအုပ်၊ စာစောင်နှင့်မီဒီယာပစ္စည်းများ လှူဒါန်းနိုင်ရေး ဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးဒေါ်စမ်းစမ်းနွယ်က ဝန်ကြီး၏ ညွှန်ကြားချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ပြည့်စုံရေးတို့ကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြောက်မင်းတည်းရပ်ကွက် အုတ်ဖိုကျောင်းလမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အဆိုပါလမ်းထိပ်မှခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဇန်းမောက်မြို့၌ ပိုလီယိုကာကွယ်ဆေးတိုက်

ဇန်းမောက် ဖေဖော်ဝါရီ ၁

ကသာခရိုင် ဇန်းမောက်မြို့၌၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသောင်းအေးက ကာကွယ်ဆေးတိုက်ကျွေးရခြင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းအေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပညာရေးစုံညီပွဲတော် ညောင်ဦး၌ ကျင်းပ

ညောင်ဦး ဇန်နဝါရီ ၂၀

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က ညောင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး ဦးသန်းမြင့်ဦးနှင့် လက်ထောက်ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ရှေးဦးစွာ ညောင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့ နွဲပျော် သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ခရိုင်အတွင်းရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စဥ့်ကိုင်မြို့နယ် ၂၅ခုတင်ဆံ့ဆေးရုံအတွက် ဆေးငွေပဒေသာပင် စိုက်ထူလှူဒါန်း

စဥ့်ကိုင် ဇန်နဝါရီ ၃၀

စဥ့်ကိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ စဥ့်ကိုင်မြို့နယ် ၂၅ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွက် ဆေးငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီက အဆိုပါ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ဆရာဝန် ဒေါက်တာဒေါ်ကြည်ကြည်မာက ၁၆ခုတင်ဆံ့ဆေးရုံမှ ၂၅ခုတင်ဆံ့ဆေးရုံ တိုးမြှင့်လာသည့်အကြောင်းနှင့် ဆေးငွေပဒေသာပင် စိုက်ထူရသည့်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးငွေပဒေသာပင်များကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဦးရွှေဘို-ဒေါ်မြင့်မြင့်(ခေတ်ဆန်သူ စားဥယျာဉ်)၊ စဥ့်ကိုင်မြို့နယ် ပြည်သူ့ဆေးရုံဝန်ထမ်း မိသားစု၊ ဦးထွန်းရီ-ဒေါ်မာလာ(ရတနာအောင်စတိုး)၊ ဦးလှဖေ(မီးသတ်) မြို့မရပ်၊ ဦးတင်မောင်လွင်-ဒေါ်ချိုချိုသန်း ရန်အောင်မြင်ရပ်၊ ဦးလှကို-ဒေါ်ကြည်ကြည်မာနှင့်သားများ၊ မြို့နယ်ဆရာဝန်ကြီးမိသားစု၊ ဦးအောင်စိုး-ဒေါ်သောင်းသောင်း(စိန်ရတနာ ဆန်စက်)အုန်းပင်ခြံ၊ (J.L.C)အထပ်သားစက်၊ ဦးကျော်ထွန်း-ဒေါ်ခင်ပြုံးရီ (ဒေါ်လာ ရောင်းဝယ်ရေး)၊ ဦးဆွေမင်း(စိန်သန်းစက်ပစ္စည်း ရောင်းဝယ်ရေး)မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းစီနှင့် ၁၁သိန်း၊ အလှူရှင် ၂၆ဦးတို့က စုပေါင်းလှူဒါန်းငွေကျပ် ၇၆၀၀၀၀ စုစုပေါင်းဆေးငွေပဒေသာပင် ၁၈၆၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်တို့က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ဖြူးမြို့၌ အမျိုးသားကာကွယ်ဆေး တိုက်ကျွေး

ဖြူး ဇန်နဝါရီ ၃၀

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များ ပထမအကြိမ်အဖြစ် ဖြူးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျန်းမာရေးဌာနအသီးသီး၌ ဇန်နဝါရီ ၁၀ရက်မှ ၁၂ရက်အထိ မွေးစမှ ငါးနှစ်အထိ ကလေးများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး စုရပ်နှင့် မြို့ပေါ် ၁၁ ရပ်ကွက်ရုံးများ စုရပ်၊ ဖြူးမြို့နယ် ဇေယျဝတီ၊ ကည္တတ်ကွင်း၊ ညောင်ပင်သာ၊ ဝဲကြီး၊ ကျော်လှ၊ ဘုရားလဟာ၊ မြပဲခူးစသည့် ကျန်းမာရေးဌာနများတွင် စုရပ်များထားရှိကာ ဇန်နဝါရီ ၁၂ရက်အထိ ကလေးငယ် ၃၅၁၈၅ဦး တို့ကို ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာ စုရပ်များသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ခေတ္တ)ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးသိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပါဝင်ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ (ဝ၅၁)

ကျောက်ဆည်၌ မီးဘေးကြိုတင်ကာကွယ် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

ကျောက်ဆည် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ဘယ်လင်း သစ်အချောထည်စက်ရုံ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ဇန်နဝါရီ ၂၅ရက် နံနက်၉နာရီက အဆိုပါ သစ်အချောထည်စက်ရုံဝင်းတွင် ကျင်းပရာ စက်ရုံမှူးဦးတင်စိုးနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမြကြိုင်၊ စဥ့်ကိုင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးမောင်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်ကြပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်နည်းကို လက်တွေ့ပြသကြသည်။ **(အပေါ်ပုံ)**

ဓာတ်တိုက်

ခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဓာတ်တိုက်လေ့ကျင့်မှုလုပ်ငန်းများကို ကျောက်ဆည်အင်ရောင်းစတီးလ်စက်ရုံနှင့် ကျောက်ဆည်မြို့မဈေးတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့နေ အလှူရှင် ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)-ဒေါ်အေးမွန်ရှိန်မိသားစုက ပဲခူးခရိုင် ကျောက်တံခါးမြို့ပေါ် ငါးရပ်ကွက်အတွင်းရှိ အသက်(၇၅)နှစ်အထက် အဘိုး အဘွား၁၀၄ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ၊ ဓာတ်မီး၊ ဆေးနှင့် အဝတ်အထည် ပစ္စည်းများ လှူဒါန်းပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ၁၈ရက်က ကွင်းနောက်ရပ်ကွက်ရှိန်ဝတ်ရည်ဆန်စက်အတွင်း၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

သိုးမွေးထိုးသင်တန်း ဝိုင်းမော်မြို့၌ဖွင့်

ဝိုင်းမော် ဇန်နဝါရီ ၃၀

မြစ်ကြီးနားခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ဝိုင်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး သိုးမွေးထိုးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဝိုင်းမော်မြို့ အသင်းခန်းမ၌ ဇန်နဝါရီ ၂၁ရက် နံနက် ၁၀နာရီက ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဌေးက သင်တန်းဖွင့်အမှာစကားပြောကြားကာ သင်တန်းဖွင့်ပွဲသို့ ဝိုင်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းသူ ၃၀တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကွင်းယားကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါရုံးသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ရပ်မိရပ်ဖ ဦးကျော်ကျော်တို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သတင်းစာ နေ့ချင်းဖတ်ရ၍ ဖျာပုံမြို့ပြည်သူများ ဝမ်းမြောက်

ဖျာပုံ ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့တွင် အထက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှနေ့စဉ်ထုတ်သတင်းစာ မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်သတင်းစာများ ဖေဖော်ဝါရီ ၁ရက်ကစပြီး နေ့ချင်း ဖတ်ရှုရ၍ လပေးသတင်းစာဖတ်ရှုသူများ အဆင်ပြေဝမ်းမြောက်လျက်ရှိသည်။ (၁၅၈)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ဇီဝကလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)ဦးသန့်ဇင်နှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ်၌ ရိုးလေးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

အုတ်တွင်း ဖေဖော်ဝါရီ ၂

အုတ်တွင်းမြို့မ ကြက်သွန်ခင်း (၁)ရပ်ကွက်တွင် ရိုးလေးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက် ၆နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးနိုင်ဝင်းဇော်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုးကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကြိုင်က စာကြည့်တိုက်တွင်ထားရှိမည့် စာအုပ်စာတမ်းများထိန်းသိမ်းရေး ဆောင်ရွက်ရန်နည်းလမ်းများကို ရှင်းလင်းတင်ပြပြီး သုတ ရသစာအုပ်မျိုးစုံ အုပ် ၃၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေက စာအုပ်မျိုးစုံအုပ် ၅၀နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်သန်းငြိမ်းက ဂျာနယ်မျိုးစုံ အစောင် ၅၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါစာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်မှုတန်ဖိုးမှာ ငွေကျပ်လေးသိန်း ကျော်ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အောင်သုခလမ်း ကျောက်ချောလမ်းသစ်ဖွင့်

လွိုင်လင် ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဘီအိုစီလမ်း(အောင်သုခလမ်း) ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီခွဲက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်က လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဆိုပါလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး၊ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့ထံ အမှုဆောင်အရာရှိက ပေးအပ်သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး၊ ခရိုင်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါဘီအိုစီလမ်း(အောင်သုခလမ်း)ကျောက်ချောလမ်းကို စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ခဲ့ရာ အရှည်ပေ ၉၉၀၊ လမ်းအကျယ် ၁၂ပေဖြစ်ပြီး လမ်း၏ ကုန်ကျငွေမှာ ငွေကျပ် ၂၇၂၀၀၀၀ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လိုက်မြို့နယ် စာကြည့်တိုက်သို့ စာအုပ်လှူဒါန်း

မော်လိုက် ဇန်နဝါရီ ၂၆

မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာ ပညာပဒေသာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မော်လိုက်ခရိုင် ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

လှူဒါန်း

ယင်းနောက် မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးညွန့်ဝေက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာအုပ်စာပေထိန်းသိမ်းနည်းများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဥက္ကဋ္ဌက စာအုပ်မျိုးစုံ အုပ်၅၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်က တိုင်ကပ်နာရီ တစ်လုံးနှင့် စာအုပ်များ၊ ဟိန်းဇာနည်ကုန်မျိုးစုံရောင်းဝယ်ရေးနှင့် ဆီစက်လုပ်ငန်းက ငွေကျပ် ၂၀၀၀၀နှင့် သုတ ရသစာအုပ်၅၀၊ ဟိန်းထက်အောင် ကုန်မျိုးစုံရောင်းဝယ်ရေးက ငွေကျပ် ၁၀၀၀၀နှင့် မဂ္ဂဇင်းစာအုပ် ၃၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့ မြို့ အနယ်နယ် သတင်းများ

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ဇန်နဝါရီ ၂၃ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရေးစုံညီပွဲ မချမ်းဘော၌ကျင်းပ

မချမ်းဘော ဇန်နဝါရီ ၂၂

မချမ်းဘောမြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၅ရက် နံနက်၁၀နာရီမှ ၈ရက် ညနေပိုင်းအထိ မချမ်းဘောမြို့နယ် ပညာရေးဌာနမှ ကြီးမှူးပြီး ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မချမ်းဘောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ယာယီ) ဥက္ကဋ္ဌ ဒုတိယရဲမှူးသန်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးနိုင်းဟိုင်ကွန်းတို့က အဖွင့်အမှာစကားပြောကြားသည်။ စုံညီပွဲတော်သို့ မချမ်းဘောမြို့နယ် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ကျောင်းပေါင်းစုံများမှ အားကစားမျိုးစုံယှဉ်ပြိုင်ခြင်း၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့မှ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆို ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် အဆိုအကပြိုင်ပွဲများကိုကျင်းပပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၄ရက်က မီးသတ်သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုကို ဈေးမိဈေးဖကော်မတီဝင်များ၊ ဈေးသူဈေးသားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ခင်ဦးမြို့နယ်၌ အမျိုးသားကာကွယ်ဆေးတိုက်ကျွေး

ခင်ဦး ဇန်နဝါရီ ၂၈

ခင်ဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ အမျိုးသားကာကွယ်ဆေး ပထမအကြိမ်တိုက်ကျွေးပွဲ အခမ်းအနားကို ဇန်နဝါရီ၁၁ရက်နံနက်၈နာရီကကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစမ်းစမ်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကလေးမိခင်များ တက်ရောက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက မွေးစမှ အသက် ငါးနှစ်အောက်ကလေးပေါင်း ၂၄၃၆ဦးအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြောင်း သိရသည်။

(၁၈၂)

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

မှုခင်းသတင်း — နေအိမ်အတွင်း ဖောက်ထွင်းဝင်ရောက်ခိုးယူမှု လှည်းကူးမြို့နယ်တွင် ဖြစ်ပွား

လှည်းကူး ဖေဖော်ဝါရီ ၁

နေအိမ်အတွင်း ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူနေစဉ် အိမ်ရှင်များပြန်အလာနှင့်တိုးသဖြင့် ဖမ်းဆီးခံရမှု ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် ဇန်နဝါရီ ၁၅ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁၅ရက် ညနေ ၆နာရီခန့်က လှည်းကူးမြို့နယ် ပြည်တော်သာ ရပ်ကွက် ၉လမ်းနေ ဦးစိုးလှိုင်-ဒေါ်ချိုချိုရီတို့ တရားနာသွားခိုက် သား သမီးနှစ်ဦးနှင့် အိမ်တွင် အလုပ်လုပ်နေသူ အမျိုးသမီးနှစ်ဦးတို့အိပ်ပျော်နေရာ မိဘများ တရားနာပြီး အိမ်ပြန်ရောက်စဉ် နောက်ဖေးမီးဖိုခန်းမှာ ဖရိုဖရဲဖြစ်နေသဖြင့် မသင်္ကာ၍ မီးစက်နိုးပြီး နေအိမ်အတွင်းသို့ရှာဖွေကြရာ အောက်ထပ်ဆန်အိတ်ပုံကြားတွင် ဆန်အိတ်စွပ်၍ ပုန်းနေသောလူတစ်ယောက်ကို တွေ့ရှိသဖြင့် ပတ်ဝန်းကျင်သို့အကူအညီတောင်းရာ ရာအိမ်မှူးနှင့်အတူ လူများရောက်ရှိလာပြီး ၎င်းအား ဖမ်းဆီး၍ လှည်းကူးမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခဲ့သည်။ လှည်းကူးမြို့နယ်ရဲစခန်းမှ တာဝန်မှူးဒုရဲအုပ်ဗိုလ်အောင်နှင့်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ၎င်းအားရှာဖွေရာ လွယ်အိတ်ထဲတွင် အိမ်ရှင်မှ လှန်းထားသော ဆတ်သားခြောက်များ၊ပလာယာတစ်ချောင်း၊သော့နှစ်ချောင်းကို တွေ့ရှိရ၍ ရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့သည်။

အရေးယူ

အဆိုပါ ဖောက်ထွင်းဝင်ရောက်ခိုးယူသူမှာ မြင့်ဇော်(ခ)ကုလား အသက်(၂၄)နှစ် စခန်းကြီးရွာနေသူဖြစ်ပြီး လှည်းကူးဈေးမှ ကုန်တင်ကုန်ချ အလုပ်သမားဖြစ်သည်။ အဆိုပါခိုးမှုနှင့်ပတ်သက်၍ လှည်းကူးရဲတပ်ဖွဲ့စခန်းမှ (ပ)၃၀/၂၀၀၉ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၄၅၆)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၀၉)**

ကသာမြို့နယ်စည်ပင် ထပ်ပိုးလွှာခင်းရန် ကျောက်စုဆောင်း

ကသာ ဇန်နဝါရီ ၂၉

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာနှစ်အတွက် ပင်လုံလမ်းအရှည်ပေ ၂၈၀၀၊ အကျယ် ၁၂ပေကို ခွင့်ပြုငွေကျပ် ၁၇၂သိန်းဖြင့် အကုန်အကျခံ၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို ဇန်နဝါရီ ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖြူးမြို့နယ်၌ စာကြည့်တိုက်များ ခိုင်မာရေးဆောင်ရွက်

ဖြူး ဇန်နဝါရီ ၂၅

ဖြူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးသည် ဦးလှဝင်း(ခတ်ပုံကျွမ်းကျင်-၂)လိုက်ပါလျက် ဇန်နဝါရီ ၁၆ရက်က အုတ်ဖြတ်ကျေးရွာအုပ်စုနှင့် ကျားသောင်ကျေးရွာအုပ်စုအတွင်းရှိ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ကွင်းဆင်းဆောင်ရွက်

ထို့အတူ ဇန်နဝါရီ ၁၈ရက်တွင် ရွာတန်းရှည်ကျေးရွာ၊ ကျော်လှကျေးရွာနှင့် လှသင်းမောင်ကျေးရွာ၊ ၁၉ရက်တွင် မင်းဂံရိုးကျေးရွာများသို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း

ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ကုသပေးမှု လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့်ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကန့်ဘလူ၊ ကျွန်းလှ၊ ရွှေဘို၊ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ဝက်လက်၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးတို့မှ မျက်စိခွဲစိတ်ကုသရန် ရောက်ရှိနေကြသော မျက်စိဝေဒနာရှင်များအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့သို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ■

မြန်မာ့အလင်း

(၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

➢ သတိနှင့် အသိ

ဒေါက်တာသန်းဦး၏ ကဗျာ စာ - ၈

➢ ပင်လုံသွေးဖြင့် ရေးသော ‘မြန်မာ’

ဇော်မင်းမင်းဦး၏ ကဗျာ စာ - ၉

➢ ပြည်ထောင်စုနှင့် ချစ်ခြင်းတရား

ရန်ကြီးအောင်၏ ဆောင်းပါး စာ - ၈၊ ၉

➢ တပ်မတော် အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်

စာ - ၁၀

မြန်မာ့အလင်း **သတင်းအညွှန်း**

ကယားပြည်နယ် လွိုင်ကော်မြို့၌ တည်ဆောက်ပြီးစီးသွားသည့် နည်းပညာတက္ကသိုလ် (လွိုင်ကော်) ကျောင်းဆောင်သစ်ဖွင့်ပွဲ သတင်းကို စာ - ၆ နှင့် ၇ တွင် ဖတ်ရှုနိုင်ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အီရန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ပါဗစ် ဒါဗူးဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက်ညနေပိုင်းတွင် ကန့်ဘလူမြို့၏မြောက်ဘက် ၁ မိုင် ၄ ဖာလုံအကွာ ကန့်ဘလူ-ကျွန်းလှ ကားလမ်းအနောက်ဘက်၌ ဒေသခံမြို့မိမြို့ဖများက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အင်ကြင်းဥယျာဉ်သို့ရောက်ရှိရာ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ် ဇွန်လအတွင်းက ယာပိုင်ရှင်ဦးမြင့်စန်း၏ ကွင်းအမှတ်(၅၃၄) လိတ္တူကွင်း၌ ပထမတွေ့ရှိခဲ့သည့် အရှည်ပေ ၁၆၀၊ လုံးပတ် ၁၄ ပေရှိသော အင်ကြင်းကျောက်ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ၂၀၀၇ ခုနှစ် ဇွန်လအတွင်းက ပိတ်တူးကန်အရှေ့ကွင်း၌ ထပ်မံတွေ့ရှိသည့် အရှည် ၁၂၄ ပေ ၃ လက်မရှိသော အင်ကြင်းကျောက်ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ အင်ကြင်းကျောက်ကြီးများသည် သက်တမ်းအားဖြင့် ၁ ဒသမ ၂ သန်း မှ ၁ ဒသမ ၈ သန်း ခန့်ရှိကြောင်း ဘူမိဗေဒပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

မွေးမြူပြသထား

အင်ကြင်းဥယျာဉ်အတွင်း၌ ဒေသခံပြည်သူများ အပန်းဖြေအနားယူပြီး လေ့လာကြည့်ရှုနိုင်ရန် မြန်မာရွှေသမင်၊ မျောက်၊ ဆောင်းခိုငှက်ကြီးများ၊ မိကျောင်း၊ ပူး၊ ယုန်၊ ကြက်တူရွေး၊ သာလိကာ၊ ဩစတြေးလျကျေး၊ ဥဒေါင်းတို့ကိုလည်း မွေးမြူပြသထားပြီး အရိပ်ရပင် အလှပင်များဖြင့် ဝေဝေဆာဆာ သာသာယာယာဖြစ်အောင် ကြိုးပမ်းလျက်ရှိကြောင်း တွေ့ရှိရသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ●